# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ | Tuesday 22 January 2019 | ၉၅၃၉


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ဟားခါးမြို့ ရှုခင်းသာရှိ ချင်းရိုးရာမုခ်ဦးနှင့် မျှော်စင်ဖွင့်ပွဲ တက်ရောက်





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှုခင်းသာမျှော်စင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

ချင်းပြည်နယ်၌ ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူနှင့် ဒေါက်တာအောင်သူ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ရှုခင်းသာရှိ ချင်းရိုးရာမုခ်ဦးနှင့် မျှော်စင်ဖွင့်ပွဲသို့ တက်ရောက်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ မျှော်စင်နှင့် ချင်းရိုးရာမုခ်ဦးတို့ကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူနှင့် ဒေသခံပြည်သူ ဦးထလာဟရဲတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရှုခင်းသာမျှော်စင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ချင်းရိုးရာ ခေတ်ပေါင်းသီချင်းကို ဦးဇိန်ဟန်းက ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်တွဲဖက်၍ ဂုဏ်ပြုသီဆို ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် မျှော်စင်ရှုရပ်မှနေ၍ ဟားခါးမြို့အလှကို ကြည့်ရှုကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ စုဝေးကွင်း၌ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းခန်းမ၌ မိဘဆရာအသင်းမှတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံရာ ကျောင်းအုပ်ဆရာကြီးက ကျောင်း၏လိုအပ်ချက်များကို တင်ပြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တက်ရောက်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ဟားခါးကောလိပ်၌ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုများ၊ သိပ္ပံခန်း၌ ဘာသာရပ်ဆိုင်ရာ လက်တွေ့သင်ကြားနေမှုနှင့် ကျောင်းစာကြည့်တိုက်၌ သုတ၊ ရသနှင့် ဘာသာရပ်ဆိုင်ရာ စာအုပ်၊ စာစောင်များ စုဆောင်းထားမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဖလမ်းမြို့သို့ ရောက်ရှိပြီး မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

" ကျွန်မတို့ ရေ၊ မြေအတွက် တာဝန်ယူရတဲ့အချိန်လေးမှာ ကောင်းကောင်းမွန်မွန် တာဝန်ယူစေချင်ပါတယ်။ ရေ၊ မြေ ဖွံ့ဖြိုးတိုးတက်ဖို့၊ လုပဖို့ ကျွန်မတို့ဟာ တစ်ခဏသာ တာဝန်ယူထားတဲ့ လူတွေမို့၊ ပိုင်ရှင် မဟုတ်တာကြောင့် အမြဲပဲထိန်းသိမ်းပြီး နောင်လာမယ့် ပိုင်ရှင်တွေအတွက် အခြေအနေကောင်းအောင် ထားပစ်ခဲ့ရမယ်ဆိုတာကို နှလုံးသွင်းစေချင် "


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## ဟန်ချက်ညီလက်တွဲဆောင်ရွက်မှ နိုင်ငံဖွံ့ဖြိုး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇန်နဝါရီလ ၂၀ ရက်နေ့က ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ သီကီရ်ရေလှောင်တမံနှင့် အသေးစားရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် "တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပြည်ထောင်စုသားအားလုံး တစ်ဦးချင်း၊ တစ်ဦးချင်း ကိုယ့်မှာတာဝန်ရှိပါကြောင်း၊ ကိုယ့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းအားဖြင့် ကိုယ့်ပြည်ထောင်စုကိုအကျိုးပြုမည်ဆိုသည့် စိတ်ထားများကို မွေးမြူစေချင်ပါကြောင်း၊ အစိုးရတစ်ခုသည် အောင်အောင်မြင်မြင် တာဝန်များကို ထမ်းဆောင်နိုင်ရန် ဘာအရေးကြီးဆုံးလဲဆိုတာ ပြည်သူ့အသံကိုနားထောင်ရန်ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

အစိုးရဟူသည် နိုင်ငံနှင့် ပြည်သူ့အကျိုးကို တာဝန်ယူဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးရန်အတွက် ပြည်သူတို့၏လိုအပ်ချက်၊ ပြည်သူတို့၏ဆန္ဒအမှန်ကို မှန်မှန်ကန်ကန်သိရှိပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမှသာ ပြည်သူနှင့်တစ်သားတည်းကျသည့် ပြည်သူ့အစိုးရ၊ ပြည်သူယုံကြည်သော အစိုးရဖြစ်ပေလိမ့်မည်။ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခရီးစဉ်များတွင် ပြည်သူများ၏ဆန္ဒများကို ပွင့်ပွင့်လင်းလင်းပြောကြားနိုင်ရန် လမ်းဖွင့်ပေးခဲ့သည်ကို တွေ့ရသည်။

ထန်တလန်မြို့နယ်ရှိ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "မိမိတို့နိုင်ငံဆိုတာသည်လည်း တကယ်တော့ နိုင်ငံသူ နိုင်ငံသားများဖြင့် ဖွဲ့စည်းထားလို့သာ နိုင်ငံဖြစ်တာဖြစ်ပါကြောင်း၊ နိုင်ငံဖြစ်လို့ နိုင်ငံသူ နိုင်ငံသားများ ဖြစ်သွားတာ မဟုတ်ပါကြောင်း" နိုင်ငံနှင့် ပြည်သူဟူသည်ကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံသူ နိုင်ငံသားများ၏ တန်ဖိုးသည် အဓိကကျကြောင်း ပြောကြားခဲ့သည်။

"နိုင်ငံ" ဟူသည်မှာ လူ့အဖွဲ့အစည်းတစ်ရပ်၏ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးနိုင်သော အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ယင်းအချုပ်အခြာအာဏာရပ်၏ လွှမ်းတည်နေမှုပင်ဖြစ်သည်။ တစ်ဆက်တည်းပင် သမိုင်းအစဉ်အလာနှင့် တည်တည်တံ့တံ့ စုစုစည်းစည်းဖြင့် နေထိုင်လာကြသော လူမျိုးစု သို့မဟုတ် လူပေါင်းစု သို့မဟုတ် လူ့အဖွဲ့အစည်းတို့၏ အချုပ်အခြာအာဏာရပ်ကို ပထဝီဝင်အရ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ထားအပ်သောနယ်မြေဒေသသည် "တိုင်းပြည်" ဖြစ်သည်။

အကျဉ်းအားဖြင့် နိုင်ငံသည် လူ့အဖွဲ့အစည်းကို ညွှန်းဆိုပြီး တိုင်းပြည်သည် ထိုလူ့အဖွဲ့အစည်း၏ နယ်နိမိတ်အပိုင်းအခြားကို ဖော်ညွှန်းသည်။ ထို့ကြောင့် နိုင်ငံနှင့်တိုင်းပြည်သည် ခွဲခြားမရစကောင်းသော အရာဖြစ်ပြီး ထိုတိုင်းပြည်နှင့်နိုင်ငံသည် လူအများပေါင်းစုနေထိုင်သော လူ့အဖွဲ့အစည်းကို အကြောင်းပြု၍ ဖြစ်တည်လာသဖြင့် ပြည်သူပြည်သားများနှင့်လည်း ခွဲခြား၍မရချေ။ သို့ဖြစ်၍ ပြည်သူ ပြည်သားများသည် တိုင်းပြည် သို့မဟုတ် နိုင်ငံ၏ အရေးအရာကိစ္စများတွင် ပါဝင်ဆောင်ရွက်ကြရသည်ဖြစ်၏။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူများအနေဖြင့် တစ်ဦးချင်းတွင် တာဝန်များရှိသလို တစ်ဦးနှင့်တစ်ဦး ဖြည့်ဆည်းဆောင်ရွက်ပေးလိုသည့်စိတ်ထားများလည်း ထားရှိရန်လိုအပ်သည်။ အစိုးရကိုသာ အားကိုးလိုစိတ်၊ အစိုးရကသာဆောင်ရွက်ပေးရမည်ဆိုသော စိတ်ထားများ မထားရှိဘဲ မိမိတို့အနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ နိုင်သည့်ဝန်ကို ထမ်းဆောင်မှသာ ထိုနိုင်ငံဖွံ့ဖြိုးတိုးတက်မှု တည်တံ့ခိုင်မြဲမည်ဖြစ်သည်။

အစိုးရသည် ပြည်သူ့အသံကိုနားထောင်၍ ပြည်သူ့အကျိုးကိုသယ်ပိုးထမ်းဆောင်ပေးပြီး ပြည်သူများကလည်း နိုင်ငံ့အရေးအရာကိစ္စများတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ့အရေးဆိုသည်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ကြည်ရင်းနှီးစွာနေထိုင်ရေး၊ တည်ဆောက်ထားသောအခြေခံအဆောက်အအုံများ မပျက်စီးရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး စသည်တို့တွင် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ အင်္ဂါရပ်များဖြစ်သော နိုင်ငံ၊ တိုင်းပြည်၊ အစိုးရ၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တိုင်းသူပြည်သားအားလုံးတို့သည် ဟန်ချက်ညီစွာဖြင့် အတူလက်တွဲပါဝင်ဖြစ်တည်နေမှသာ ထိုနိုင်ငံ ထိုလူ့အဖွဲ့အစည်းသည်လည်း အဓွန့်ရှည်တည်တံ့ခိုင်မြဲစွာဖြင့် ထာဝရ ဖွံ့ဖြိုးတိုးတက်သာယာဝပြောနေမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ" ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

## ကချင်ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂/၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**
**(၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ ၂၁ ရက်)**

**ကချင်ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများအား ယင်းတို့၏ သဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်-

(၁) ဦးမြသိန်း — စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(၂) ဒေါက်တာသင်းလွင် — လူမှုရေးဝန်ကြီးဌာန

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

## ကချင်ပြည်နယ်ဝန်ကြီးတာဝန်မှ ရပ်စဲခြင်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃/၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**
**(၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)**

**ကချင်ပြည်နယ်ဝန်ကြီးတာဝန်မှ ရပ်စဲခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၇၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးHလအောင်ကို တာဝန်မှရပ်စဲလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

## တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၁၁)မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်)(၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(၅)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်းနှင့် ဦးမျိုးတင့်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၁၁) မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်)(၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၅) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရန်ကုန်(ရွှေဈေး) ၁၀၅၄၅၀၀ - ၁၀၅၄၅၀၀ မန္တလေး(ရွှေဈေး) ၁၀၅၄၅၀၀ - ၁၀၅၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၀/၇၉၀ ကျပ် | ၈၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၀၅ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၃၅/၈၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၅/၈၅၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၉၀/၇၀၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၅၇. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၇. ၆၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈. ၆၇၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၅. ၄၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၆၇၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၇. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၇. ၃၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၇. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၇. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ညို၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

✽ ရှေ့ဖုံးမှ

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က "ဒီနေ့တွေ့ဆုံပွဲကို ကြွရောက်လာတဲ့ နိုင်ငံသူ နိုင်ငံသားများ၊ ပြည်ထောင်စုသားသမီး များအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်မတို့ကို ကြိုဆိုတဲ့အတွက်လည်းကျေးဇူး တင်ပါတယ်။ ခရီးသွားတဲ့အခါမှာ ရပ်မိရပ်ဖ တွေနဲ့တွေ့ဖို့ အမြဲတမ်းကြိုးစားပါတယ်။ ဒီမိုကရေစီစနစ်မှာ အဓိကလိုအပ်တာက အစိုးရနဲ့ပြည်သူအကြားမှာ နီးကပ်တဲ့ဆက်ဆံမှု ရှိဖို့ပဲဖြစ်ပါတယ်။

**ပိုပြီးအခွင့်အရေး နည်းသွား**

"အခု ကျွန်မ ဖလမ်းကိုရောက်လာတဲ့အခါ အရင်တစ်ခါ ၂၀၁၄ ခုနှစ်တုန်းက ရောက်ခဲ့တာကို မှတ်မိနေပါတယ်။ ၂၀၁၄ ခုနှစ်တုန်းက ကားနဲ့တက်လာရတယ်။ ကားနဲ့တက်လာတော့ လမ်းမှာဆိုရင် ရွာလေးတွေမှာရပ်ပြီး ရွာသူ ရွာသားတွေနဲ့ စကားပြောနိုင်တဲ့ အခွင့်အရေး တွေရခဲ့ပါတယ်။ ဖလမ်းနားက ကျောင်း နှစ်ကျောင်းမှာရပ်တော့ ကျောင်းတစ်ကျောင်း မှာဆိုရင် ကလေးတွေအတွက် စားပွဲတွေ၊ ကုလားထိုင်တွေ လိုအပ်နေတယ်ဆိုပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူခဲ့တာလည်း ရှိပါတယ်။ နောက်တစ်ကျောင်းမှာဆိုလည်း မီးစက်လိုအပ်တယ်ဆိုတော့ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက လှူတာတွေရှိပါတယ်။ အဲဒီလို နီးနီးစပ်စပ် ပြည်သူတွေနဲ့ တွေ့ဆုံရတာကို သိပ်ပြီးတော့ တန်ဖိုးထားပါတယ်။

"အခု အစိုးရတာဝန်ယူပြီးတဲ့အခါ အရင်တုန်းကလို နီးနီးကပ်ကပ်ရင်းရင်းနှီးနှီး ပြည်သူတွေနဲ့ဆက်ဆံဖို့ အခွင့်အရေးတွေက အင်မတန်မှ နည်းသွားပါတယ်။ နည်းသွားတယ်ဆိုတာ တခြားလုပ်ငန်းတာဝန်တွေရဲ့ လိုအပ်ချက်အရ အချိန်ကိုငဲ့သောအားဖြင့် ရဟတ်ယာဉ်နဲ့လာရတယ်။ ရဟတ်ယာဉ်နဲ့လာတော့ အချိန်တော့မကုန်ဘူး။ ဒါပေမယ့် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေ၊ ပြည်သူပြည်သားတွေနဲ့တွေ့ဖို့က ပိုပြီးအခွင့်အရေး နည်းသွားတယ်။ ဒါကြောင့် ကျွန်မတို့ ဒီလို တွေ့ဆုံတာပါ။

**လူငယ်တွေကို ပြုစုပျိုးထောင်ဖို့လို**

"ရဟတ်ယာဉ်နဲ့သွားတဲ့အခါမှာ အပေါ်ကနေ ချင်းပြည်နယ်ကို မြင်ရတဲ့အခါ ချင်းပြည်နယ်ရဲ့လှပမှုကို မြင်ရတယ်။ ချင်းပြည်နယ်အတွက် ရေရှည်မှာ သတိထားရမယ့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အရေးကြီးတာကိုလည်း သတိပြုမိပါတယ်။ ပြောချင်တာက သစ်တောပြုန်းတီးမှုပါ။ အဲဒါနဲ့ပတ်သက်လို့ ကျွန်မတို့ရဲ့ ဖလမ်းရပ်မိရပ်ဖတွေကို သတိပေးချင်ပါတယ်။ ကျွန်မတို့ဟာ ကျွန်မတို့ရဲ့ပတ်ဝန်းကျင်အတွက် တာဝန်ရှိတယ်ဆိုတာ သမ္မာကျမ်းစာထဲက ပုံပြင်တစ်ပုဒ်ကို မှတ်မိပါတယ်။ မြေပိုင်ရှင်တစ်ဦးက ခရီးရှည်သွားတဲ့အခါမှာ သူ့ရဲ့တပည့်လုပ်သား သုံးဦးကို တာဝန်ပေးခဲ့တယ်။ တစ်ယောက်ကနေပြီး သူထိန်းသိမ်းထားတဲ့အပိုင်းကို ကောင်းကောင်းမထိန်းသိမ်းထားလို့ ပိုင်ရှင်ပြန်လာတဲ့အခါ ပျက်စီးတဲ့အခြေအနေမှာ ရှိတယ်။ နောက်တစ်ယောက်ကတော့ အရင်အတိုင်းပဲ ထိန်းသိမ်းထားတယ်။ တတိယတစ်ယောက်ကတော့ အရင်ထက်ပိုပြီးတော့ ကောင်းမွန်အောင်၊ ဖွံ့ဖြိုးအောင် ထိန်းသိမ်းထားတယ်။ အရင်တုန်းကထက် ကောင်းမွန်ဖွံ့ဖြိုးအောင် ထိန်းသိမ်းထားတဲ့ တပည့်လုပ်သားကို ကောင်းမွန်ပြီး သစ္စာရှိတဲ့သူလို့ သတ်မှတ်ပါတယ်။

"ကျွန်မတို့ဟာ ဒီကမ္ဘာကြီးမှာ တစ်ခဏပဲ နေသွားရတာပါ။ နေသွားရတဲ့အချိန်တွေက အင်မတန်မှ တိုတောင်းပါတယ်။ ဒီတိုတောင်းတဲ့အချိန်လေးမှာသာလျှင် ကျွန်မတို့နေတဲ့ ရေ၊ မြေအတွက် တာဝန်ယူရတာပါ။ တကယ်တော့ ဘယ်သူမှ ရေ၊ မြေကို ပိုင်တယ်လို့ မရှိနိုင်ပါဘူး။ ဘယ်လောက်ပဲဥပဒေအရ စာရွက်စာတမ်းနဲ့ ပိုင်ပိုင် တစ်ခဏပဲ။ ကျွန်မတို့ သက်တမ်းနဲ့တော့ ပိုပြီးတော့ ပိုင်နိုင်တာမဟုတ်ပါဘူး။ ကျွန်မတို့ ရေ၊ မြေအတွက် တာဝန်ယူရတဲ့အချိန်လေးမှာ ကောင်းကောင်းမွန်မွန် တာဝန်ယူစေချင်ပါတယ်။ ရေ၊ မြေ ဖွံ့ဖြိုး တိုးတက်ဖို့၊ လှပဖို့ ကျွန်မတို့ဟာ တစ်ခဏသာ တာဝန်ယူထားတဲ့လူတွေမို့၊ ပိုင်ရှင်မဟုတ်တာကြောင့် အမြဲပဲထိန်းသိမ်းပြီး နောင်လာမယ့် ပိုင်ရှင်တွေအတွက် အခြေအနေကောင်းအောင်ထားခဲ့ရမယ်ဆိုတာကို နှလုံးသွင်းစေချင်ပါတယ်။

"သဘာဝပတ်ဝန်းကျင်နဲ့တင် မဟုတ်ပါဘူး။ ပိုပြီးတော့အရေးကြီးတာက လူမှုပတ်ဝန်းကျင်ပါ။ လူမှုပတ်ဝန်းကျင်ဆိုတာ ကျွန်မတို့ရဲ့ ပြည်ထောင်စုတိုင်းရင်းသားများ အားလုံးရဲ့ စိတ်နေစိတ်ထား၊ သဘောနေ သဘောထား ဒါတွေအတွက်လည်း ကျွန်မတို့ တာဝန်ယူရမှာပါ။ အခုမျိုးဆက်တွေဟာ နောင်မျိုးဆက်တွေ ဘယ်လိုစိတ်ထားတွေနဲ့ ကြီးပြင်းလာသလဲဆိုတာကို ဆုံးဖြတ်နိုင်တဲ့ အတိုင်းအတာတစ်ခုအထိရှိပါတယ်။ နောက်ဆုံးက ကိုယ့်အတွက်ကို ကိုယ်တာဝန်ယူရမယ် ဆိုပေမယ့် အခုသွန်သင်ဆုံးမတဲ့ နေရာမှာ ရောက်နေတဲ့လူကြီးများဟာ နောင်လာမယ့် လူငယ်များ ဘယ်လိုပုံစံထွက်လာမလဲဆိုတာကို အတိုင်းအတာတစ်ခုအထိ ဆုံးဖြတ်ပြီး ပြုစုပျိုးထောင်နိုင်တဲ့ အခွင့်အရေးတွေရှိပါတယ်။ ဒီအခွင့်အရေးတွေကိုလည်း ကောင်းကောင်းမွန်မွန် ထိထိရောက်ရောက် သုံးစေချင်ပါတယ်။

"မနက်တုန်းက အထက တစ်ခုလည်း ရောက်ခဲ့တယ်။ ဟားခါးကောလိပ်ကိုလည်း ရောက်ခဲ့တယ်။ အဲဒီမှာ ဘယ်လိုသတိထားမိသလဲဆိုတော့ ချင်းကလေး၊ လူငယ်များဟာ ပညာလည်းလိုလားတယ်။ တခြားနေရာတွေနဲ့ နည်းနည်း ကွာခြားတာက ပညာရေးပိုင်း၊ စိုက်ပျိုးရေးပိုင်း၊ အုပ်ချုပ်ရေးပိုင်းမှာဝင်ပြီး အလုပ်လုပ်ချင်တဲ့ဆန္ဒတွေ ရှိပါတယ်။ ဒီဟာက ကျွန်မရောက်ဖူးတဲ့ တိုင်းတွေ၊ ပြည်နယ်တွေထက် နည်းနည်းသာတယ်လို့ ထင်ပါတယ်။ ပိုပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးပိုင်းမှာ လုပ်ချင်တဲ့ လူငယ်တွေ၊ အုပ်ချုပ်ရေးဘက်မှာ လုပ်ချင်တဲ့လူငယ်တွေ၊ ပညာရေးဘက်မှာ ဆရာ ဆရာမ လုပ်ချင်တဲ့လူငယ်တွေ ဒါဟာ ချင်းပြည်နယ်မှာ အင်မတန်ကောင်းတဲ့ လက္ခဏာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာတွေမှာ ကျွန်မတို့လူငယ်တွေကို ပြုစုပျိုးထောင်ဖို့လိုပါတယ်။

"အခုရပ်မိရပ်ဖတွေနဲ့ တွေ့တဲ့အခါမှာ ကိုယ့်ရဲ့သားသမီးများ၊ မြေးများ၊ တူ တူမများကို နိုင်ငံ့ရဲ့အကျိုး၊ ကိုယ့်ပြည်နယ်ရဲ့အကျိုး၊ ကိုယ့်ရဲ့တိုင်းရင်းသားတွေရဲ့ အကျိုးကို ထမ်းဆောင်ချင်တဲ့စိတ်ဓာတ်တွေမွေးပေးပါ။ ကိုယ်တစ်ယောက်တည်းအတွက် မဟုတ်ဘူး။ ကိုယ့်မိသားစုတစ်ခုတည်းအတွက် မဟုတ်ဘူး။ ကိုယ့်ရဲ့ပြည်ထောင်စုကြီးအတွက် မှန်ကန်တဲ့ စိတ်ထားတွေ မွေးမြူဖို့အတွက် အားပေးပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ အထူးသဖြင့် ပညာရေးဘက်မှာ ကျောင်းဆရာ ဆရာမ လုပ်ဖို့ စိတ်ဝင်စားတဲ့ကလေးတွေရဲ့နှလုံးသား ထဲမှာ အများရဲ့တာဝန်ကိုထမ်းဆောင်ချင်တဲ့စိတ်ထည့်ပေးဖို့ အင်မတန်အရေးကြီးပါတယ်။ ကျောင်းဆရာ ဆရာမ တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ထောင်သောင်းများစွာသော တပည့်များကို ပြုစုပျိုးထောင်ပေးမယ့် ပုဂ္ဂိုလ်များ ဖြစ်လို့ပါ။ ဒါဟာ အင်မတန်မှ အရေးကြီးတာဖြစ်ပါတယ်။

**ပြန်ပြီးရှင်သန်အောင် လုပ်စေချင်**

"မြို့မိ မြို့ဖတွေထဲက တင်ပြချင်တာတွေ၊ ပြောချင်တာဆိုချင်တာတွေရှိရင် တင်ပြပါ၊ ပြောပါ၊ ဆိုပါလို့ အားပေးချင်ပါတယ်။ ဒီတစ်ကြိမ် ချင်းပြည်နယ်ရောက်တဲ့အခါမှာ အတွေးအခေါ်လေးတချို့ ပေါ်လာတာတွေကိုလည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများကို မျှဝေချင်ပါတယ်။ ငယ်ငယ်တုန်းက စောင်ဆိုရင် ပြည်တွင်းကထုတ်တဲ့ ချင်းစောင်မှ တန်ဖိုးရှိတယ်။ တကယ်လည်းကောင်းတယ်လို့ သတ်မှတ်တယ်။ ငယ်ငယ်တုန်းကလည်း ချင်းစောင်ပဲခြုံခဲ့ရတယ်။ ချင်းစောင်ကို ကလေးတွေကို တစ်ယောက်တစ်ထည် ပေးထားတယ်။ ကိုယ့်စောင်နဲ့ကိုယ်ဆိုရင် အဲဒီစောင်တွေကို တော်တော်ကိုတွယ်တာသွားတယ်။ စောင်က ဟောင်းဟောင်းလာတော့ ပြောင်းမယ်ဆိုရင်လည်း မပြောင်းချင်ဘူး။ အခုထိ မှတ်မိသေးတယ်။ ကျွန်မ ကြီးလာတဲ့အချိန်အထိ စောင်နှစ်ထည်ပဲ သုံးခဲ့ရတယ်။ ချင်းစောင်ကို အဲဒီလောက်တန်ဖိုးထားတယ်။ နောက် ဖေဖေ့ကို ပေးခဲ့တဲ့ချင်းစောင်ဆိုရင် အခုထိ ကျွန်မဆီမှာရှိတယ်။ ထိန်းသိမ်းထားပါတယ်။

"ချင်းစောင်လုပ်ငန်းကို ပြန်ပြီးရှင်သန်အောင်လုပ်စေချင်တယ်။ အခုခေတ်မှာဆိုရင် သိုးမွေးလေးနည်းနည်း ထည့်ရက်လည်း ဖြစ်နိုင်တယ်။ လုံးဝသိုးမွေးမဟုတ်ရင်တောင် သဘာဝချည်တွေနဲ့ ချင်းစောင်လုပ်ငန်းတွေကို ပြန်ပြီး

စာမျက်နှာ ၄ သို့ ✪



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟားခါးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားသင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ-သက်အောင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဟားခါးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ မေးမြန်းဆွေးနွေးကြစဉ်။ ဓာတ်ပုံ-သက်အောင်

**❝ ပညာရေးဘက်မှာ ကျောင်းဆရာ ဆရာမလုပ်ဖို့ စိတ်ဝင်စားတဲ့ ကလေးတွေရဲ့နှလုံးသားထဲမှာ အများရဲ့တာဝန်ကိုထမ်းဆောင်ချင်တဲ့စိတ် ထည့်ပေးဖို့ အင်မတန်အရေးကြီးပါတယ်။ ကျောင်းဆရာ ဆရာမ တစ်ယောက်ချင်းတစ်ယောက်ချင်းဟာ ထောင်သောင်းများစွာသော တပည့်များကို ပြုစုပျိုးထောင်ပေးမယ့် ပုဂ္ဂိုလ်များဖြစ်လို့ပါ။ ဒါဟာ အင်မတန်မှ အရေးကြီးတာဖြစ်ပါတယ် ❞**

✪ စာမျက်နှာ ၃ မှ

အားပေးချင်တယ်။ အဲဒါကို အစိုးရဘက်ကလည်း ကူညီသင့်တယ်၊ ပြည်နယ်အစိုးရဘက်ကလည်း ကူညီသင့်တယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေကလည်း ဒီဟာမျိုးမှာ ရင်းနှီးမြှုပ်နှံစေချင်တယ်။

"နောက်ပြီးတော့ ချင်းတိုင်းရင်းသားဝတ်စုံတွေက အင်မတန်မှ လှတယ်။ အင်မတန်မှလည်း စုံတယ်။ ရိုးရာဝတ်စုံတွေ မပျောက်သွားအောင်လို့ ရိုးရာရက်ထည်တွေကို ပိုပြီးတော့ အားပေးစေချင်တယ်။ အထူးသဖြင့် တောင်ပိုင်းချင်းမှာဆိုရင် ရိုးရာအဆင်တွေကို သဘာဝချည်တွေနဲ့ရက်ပြီး စီးပွားရေးလုပ်တာ အတိုင်းတာတစ်ခုအထိ အောင်မြင်တယ်။ ဈေးကတော့ကြီးတယ်။ ဈေးကြီးပေမယ့် သူ့ရဲ့လက်ရာ ကောင်းလို့၊ တန်တာကြောင့် ရောင်းရတယ်လို့ထင်ပါတယ်။

**အာဟာရပြည့်ဝဖို့လည်း အရေးကြီး**

"နိုင်ငံခြားသားတွေဆိုရင် ဂျပ်ခုတ်ထည်တွေကို အင်မတန်မှတန်ဖိုးထားတယ်။ ရိုးရာလည်း မပျက်သွားအောင်၊ စီးပွားလည်းဖြစ်အောင်လို့ စဉ်းစားကြပါလို့ တိုက်တွန်းချင်ပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ သဘာဝချည်တွေနဲ့ လုပ်ဖို့တော့ အရေးကြီးပါတယ်။ ဈေးကြီးကြီးနဲ့ရိုးရာအထည်တွေကို ရောင်းချင်တယ်ဆိုရင် သဘာဝချည်တွေနဲ့မှ ဖြစ်မယ်။ အဲဒါမှမဟုတ်ရင် ဈေးကြီးကြီးပေးပြီးတော့ ဝယ်မယ့်သူတွေ ရှာရခက်ပါလိမ့်မယ်။

"နောက်တစ်ခု သတိထားမိတာကတော့ ချင်းအမျိုးသမီးတွေရဲ့ ဝတ်စုံက တော်တော်လေးတယ်။ တော်တော်လေးတယ်ဆိုတော့ ချင်းအမျိုးသမီးတွေက အားသာမယ်လို့ထင်တယ်။ ချင်းအမျိုးသမီးတွေ တော်တော်ကျန်းမာခိုင်မာလို့ အဝတ်အစားတွေကို နှစ်ပေါင်းများစွာ ရိုးရာအရ ဝတ်ခဲ့နိုင်တာပဲလို့ သဘောပေါက်ပါတယ်။ ချင်းကလေးများ နည်းနည်းတော့ ထွားဖို့လိုတယ်လို့ထင်တယ်။ အာဟာရပြည့်ဝဖို့လည်း အရေးကြီးပါတယ်။

**ဖြည့်ဆည်းပေးနိုင်**

"ဒါကြောင့် ပြည်နယ်အစိုးရက ဦးစီးပြီးတော့ ဘယ်လိုအစားအစာတွေ စားရင် အာဟာရပြည့်ဝစေမလဲဆိုတာကို အများပြည်သူသိအောင် ပညာပေးစေချင်ပါတယ်။ မြို့မိ မြို့ဖတွေကလည်း ဒါကိုလေ့လာပြီးတော့ ကိုယ့်ရဲ့သားသမီးတွေကို အာဟာရပြည့်ဝစေတဲ့ အစားအစာတွေကို ကျွေးစေချင်ပါတယ်။ ဒါမှထွားထွားကြိုင်းကြိုင်း သန်သန်မာမာနဲ့ သူတို့ရဲ့တတ်ထားတဲ့ပညာတွေကို ဒီပြည်နယ်အတွက် သုံးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ကလေးတွေရဲ့ကျန်းမာရေးကို ဂရုစိုက်ပေးပါ။ ကလေးတွေရဲ့ ပညာရေးကို လူကြီးတွေက အားပေးတာသိရလို့ ကျွန်မ အင်မတန်မှ ဝမ်းသာတယ်။ ဆက်ပြီးတော့လည်း အားပေးပါ။ အစိုးရအနေနဲ့လည်း တတ်နိုင်သမျှ ပညာရေး၊ ကျန်းမာရေးဘက်မှာ ပံ့ပိုးပေးပါမယ်။ နိုင်ငံဖွံ့ဖြိုးတာနဲ့အမျှပိုပြီးတော့ ပညာရေး၊ ကျန်းမာရေးဘက်မှာ ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ မေးမြန်းစရာရှိတာ မေးမြန်းဖို့ ပွင့်ပွင့်လင်းလင်းနဲ့ရဲရဲတင်းတင်းပြောနိုင်ပါတယ်။ မိသားစုသဖွယ် တစ်ဦးနဲ့တစ်ဦး ဆွေးနွေးတဲ့သဘောဖြစ်ပါတယ်" ဟု ပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ထို့နောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆန်အိတ် ၁၀၀ နှင့် ဆီပိဿာ ၁၀၀ တို့ကို မြို့မိမြို့ဖများထံပေးအပ်ပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် တီးတိန်မြို့သို့ ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တီးတိန်ရောက်တဲ့အခါ စွန့်စားရဲသူအောင်နိုင်မှုရတယ်ဆိုပြီး ဆိုင်းဘုတ်ကြီးများ ရေးထားသည်ကို တွေ့ရပါကြောင်း၊ ယင်းသည် ချင်းတိုင်းရင်းသားများကို ကိုယ်စားပြုသည်ဟု မိမိအနေဖြင့် ထင်မြင်မိပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယခုကဲ့သို့ တောင်တန်းများပေါ်တွင် နေနိုင်ဖို့ဆိုသည်မှာ စွန့်စားမှုစိတ်ဓာတ်နှင့် ပြည့်ဝမှသာ နေနိုင်မည်ဖြစ်ပါကြောင်း၊ ရာသီဥတု ကြမ်းတမ်းပြီး ပထဝီအနေအထားသည် အခြားနေရာများထက် သွားရလာရသည်မှာ စိန်ခေါ်မှုများစွာရှိသည်ကို မြင်ရပါကြောင်း၊ များစွာသော စိန်ခေါ်မှုများနှင့် နေနိုင်သည်ဆိုခြင်းကို မိမိတို့ သိရပါကြောင်း။

**တိုးချဲ့ဖွဲ့စည်းပေး**

ထို့ကြောင့် မိမိတို့အနေဖြင့် ချင်းပြည်နယ်ကို အထူးဂရုထားပြီး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ လုပ်ဆောင်ပေးရန် အမြဲအစီအစဉ်ရှိပါကြောင်း၊ ယခု တီးတိန်မြို့နယ်မှ တင်ပြထားသည့် ကိစ္စရပ်နှစ်ခုတွင် တစ်ခုမှာ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ် နှစ်မြို့နယ်စုစည်း၍ တီးတိန်မြို့ကို ခရိုင်မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းပေးနိုင်ရေးဖြစ်ပြီး စာမျက်နှာ ၅ သို့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟားခါးကောလိပ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစဉ်။
ဓာတ်ပုံ-သက်အောင်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖလမ်းမြို့နယ် ဒေသခံပြည်သူများအတွက် စားနပ်ရိက္ခာများထောက်ပံ့ပေးအပ်စဉ်။
ဓာတ်ပုံ-သက်အောင်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖလမ်းမြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။
ဓာတ်ပုံ-သက်အောင်

"ချင်းတိုင်းရင်းသားဝတ်စုံတွေက အင်မတန်မှ လှတယ်။ အင်မတန်မှလည်း စုံတယ်။ ရိုးရာဝတ်စုံတွေ မပျောက်သွားအောင်လို့ ရိုးရာရက်ထည်တွေကို ပိုပြီးတော့ အားပေးစေချင်တယ်။

နိုင်ငံခြားသားတွေဆိုရင် ဂျပ်ခုတ်ထည်တွေကို အင်မတန်မှ တန်ဖိုးထားတယ်။ ရိုးရာလည်း မပျက်သွားအောင်၊ စီးပွားလည်း ဖြစ်အောင်လို့ စဉ်းစားကြပါလို့ တိုက်တွန်းချင်ပါတယ်။ အဲဒီလို လုပ်တဲ့အခါမှာ သဘာဝချည်တွေနဲ့ လုပ်ဖို့တော့ အရေးကြီးပါတယ်။ ဈေးကြီးကြီးနဲ့ ရိုးရာအထည်တွေကို ရောင်းချင်တယ်ဆိုရင် သဘာဝချည်တွေနဲ့မှ ဖြစ်မယ်။ အဲဒါမှမဟုတ်ရင် ဈေးကြီးကြီး ပေးပြီးတော့ ဝယ်မယ့်သူတွေ ရှာရခက်ပါလိမ့်မယ်"

■ စာမျက်နှာ ၄ မှ

ယင်းကိစ္စနှင့်ပတ်သက်ပြီး လုပ်ဆောင်ရမည့်ကိစ္စများစွာရှိပါကြောင်း၊ လုပ်ငန်းစဉ်များ တစ်ဆင့်ပြီး တစ်ဆင့်သွားရမည်ဖြစ်သည့်အတွက် အချိန်ယူပြီးလုပ်ရမည်ဖြစ်ပါကြောင်း။

**ကျေနပ်လိမ့်မည်ဟု မျှော်လင့်**

နောက်တစ်ခုမှာ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တီးတိန်မြို့ပေါ်တွင် မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို အထူးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ပေးပါရန်ဖြစ်ပြီး ဝန်ကြီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းပြီးအောင် လုပ်ဆောင်ပေးရန် လျာထားသည့်အတွက် ယင်းကိစ္စနှင့်ပတ်သက်၍ ကျေနပ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ နောက်ဆုံးတစ်ခုမှာ ပညာရေးနှင့်ဆိုင်ပါကြောင်း၊ တီးတိန်မြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်းအပြင် အစိုးရစက်မှုလက်မှုသိပ္ပံ GTI ထပ်မံဖွင့်လှစ်ပေးရန် တောင်းဆိုထားခြင်းဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အစိုးရနည်းပညာ အထက်တန်းတစ်ကျောင်းရှိပြီး ပလက်ဝတွင် အစိုးရနည်းပညာအထက်တန်းကျောင်း တစ်ကျောင်းထပ်မံဖွင့်လှစ်မည်ဖြစ်သည့်အတွက် တီးတိန်တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းဖွင့်လှစ်ရန် အချိန်အနည်းငယ်စောင့်ပေးစေလိုပါကြောင်း။

**အားလုံးအတူတူပါဝင်နိုင်**

ယခင်က ချင်းပြည်နယ်ဘက်ကို စည်းရုံးရေးခရီးလာရောက်ချိန် မိမိ၏ ဟောပြောပွဲများတွင် ကလေးများသည် ရှေ့ဆုံးကနေ၍ နားထောင်ကြပါကြောင်း၊ ကလေးများသည် မိမိတို့၏ အနာဂတ်ဖြစ်သည့်အတွက် ယခုလို



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တီးတိန်မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ ဓာတ်ပုံ-သက်အောင်

ဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါကြောင်း၊ ကလေးများသည် လုံးဝနားမလည်ဘူးဆိုသော်လည်း ဆွေးနွေးပွဲများသည် လူတိုင်းနှင့်သက်ဆိုင်ပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ အကြီးအငယ်မရွေး၊ အယုတ်အညံ့မရွေး အားလုံးအတူတူပါဝင်နိုင်သည့် အခွင့်အရေးရှိသည်ကို ငယ်ငယ်ကတည်းက စိတ်ထဲတွင်စွဲသွားစေရန်ဖြစ်ပါကြောင်း၊ ထို့ပြင် စည်းကမ်းသေဝပ်မှုကို အားပေးရာရောက်ပါကြောင်း၊ ဆွေးနွေးပွဲများတွင်ပါဝင်မည်ဆိုပါက စည်းနှင့်ကမ်းနှင့် ငြိမ်ငြိမ်သက်သက်နေရသည်ကို ကလေးများသည် ငယ်ငယ်ကတည်းက စိတ်ထဲတွင်စွဲသွားပါက တစ်သက်လုံး စည်းကမ်းရှိမှုကို စိတ်ချရမည်ဖြစ်ပါကြောင်း။

ယခုရသည့်အချိန်တိုအတွင်းတွင် ရပ်မိရပ်ဖများအနေဖြင့် မျှော်လင့်ချက်များနှင့် အစိုးရထံမှ သိချင်သည်များကို မေးမြန်းနိုင်ပါကြောင်း၊ မိမိအနေဖြင့်လည်း ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ဆွေးနွေးပြောကြားကာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုနိုင်ငံမှ ပြန်လည်ရောက်ရှိပြီး ထိုင်းဘုရင့်ရေတပ်စစ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြပြီး နေပြည်တော်သို့ ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ ဒုတိယစစ်သံမှူး Lieutenant Colonel Latsamy KEOMIXAY နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

**လက်ခံတွေ့ဆုံ**

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Admiral Luechai Ruddit အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

**အတွေ့အကြုံများဖလှယ်**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်ရန် လိုအပ်မှုအခြေအနေ၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်လေ့ကျင့်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ အာဆီယံတပ်မတော်များမှ ရေတပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီးအပြန်အလှန်လည်ပတ်ရေးနှင့် အတွေ့အကြုံများဖလှယ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်တံတား ဖြတ်သန်းသွားလာမှု အိန္ဒိယနိုင်ငံဘက်မှ ခေတ္တရပ်ဆိုင်းထား

**နေပြည်တော် ဇန်နဝါရီ ၂၁**

ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ် တံတားဖြတ်သန်းသွားလာမှုကို အိန္ဒိယနိုင်ငံဘက်မှ ဇန်နဝါရီ ၂၁၊ ၂၂ နှင့် ၂၅၊ ၂၆ ရက်တို့တွင် ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့ နယ်စပ်တံတားအား အိန္ဒိယနိုင်ငံ အာသံတပ်မတော်မှ Director General တာဝန်ထမ်းဆောင်နေသူ ဒုတိယဗိုလ်ချုပ်ကြီး Sangwan ၏ ခရီးစဉ်ရှိသဖြင့် ဇန်နဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံ၏ နှစ်(၇၀)မြောက် Republic Day အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သဖြင့် ဇန်နဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တွင်လည်းကောင်း အိန္ဒိယနိုင်ငံဘက်မှ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား ခေတ္တပိတ်ထားမှုနှင့်စပ်လျဉ်း၍ ရိဒ်ခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လင်းခိုင်က "ဒီနေ့နဲ့ မနက်ဖြန် ပိတ်ထားမယ် ဆိုတာဟုတ်တယ်။ အိန္ဒိယနယ်စပ်ဘက် ဇိုခေါထာရ်စခန်းကို အိန္ဒိယနိုင်ငံဘက်က လူကြီးခရီးစဉ်ရှိလို့ ပိတ်ထားတာလို့သိရပါတယ်။ ဇန်နဝါရီ ၂၅ ရက်နဲ့ ၂၆ ရက်တွေမှာလည်း အိန္ဒိယနိုင်ငံရဲ့ Republic Day အထိမ်းအမှတ်ပွဲပြုလုပ်မှာဖြစ်လို့ အိန္ဒိယဘက်က ခေတ္တပိတ်ထားတာပါ" ဟု ပြောသည်။

သို့ရာတွင် နယ်စပ်တံတား ခေတ္တပိတ်မည့်ကိစ္စနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဆက်သွယ်မေးမြန်းရာ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဝန်ကြီးဌာနသို့ တရားဝင်အကြောင်းကြားထားမှု မရှိသေးကြောင်း ပြောကြားသည်။

ယင်းနေ့ရက်များတွင် နယ်စပ်တံတားပေါ်မှ ယာဉ်ငယ်များ၊ ဆိုင်ကယ်များ၊ တွန်းလှည်းများ ဖြတ်သန်းသွားလာမှု၊ လူနှင့်ကုန်စည်စီးဆင်းမှုများကို ခေတ္တရပ်ဆိုင်းထားမည် ဖြစ်ကြောင်းသိရသည်။ **ဟန်လင်းနိုင်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**နေပြည်တော်    ဇန်နဝါရီ   ၂၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် အဆို တစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ စတင်ကျင်းပသည့် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်း ဆွေးနွေးကြရမည့် ဥပဒေကြမ်းများအနေဖြင့် ၁၉ ခု ရှိပါကြောင်း၊ အဆိုများအနေဖြင့် တင်သွင်းပြီး ဆွေးနွေးရန်ကျန်အဆို သုံးခု အပါအဝင် အသင့်ဖြစ်အဆို ၁၄ ခုရှိပါကြောင်း၊ မေးခွန်းများအနေဖြင့် အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၁၄၉ ခု ရှိပါကြောင်း။

ဒီမိုကရေစီကူးပြောင်းရေးကာလသည် များစွာနုနယ်သေးသည့် အခြေအနေတွင် ဒီမိုကရေစီစံချိန်စံညွှန်းများ ရောက်ရှိရန် ဆက်လက်ကြိုးပမ်းအားထုတ်ကြရဦးမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအခွင့်အရေးများ ပိုမိုခိုင်မာအားကောင်းလာစေရန် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် အဓိကတာဝန်ရှိသည်ကို စွဲစွဲမြဲမြဲယုံကြည်ထားကြစေလိုပါကြောင်း၊ ပြည်သူက အပ်နှင်းထားသည့် ဥပဒေပြုရေးအာဏာကို အသုံးချပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ဘဝ ပိုမိုတိုးတက်မြင့်မားလာစေရန် မိမိအပါအဝင် ကိုယ်စားလှယ်များအားလုံး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ ကိုယ်စား လွှတ်တော်အစည်းအဝေးများကို တက်ရောက်နေကြခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်တာဝန်များထမ်းဆောင်ကြရာတွင်လည်း လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နည်းမှန်၊ လမ်းမှန်နှင့် ဆောင်ရွက်နိုင်ကြရန်လည်း အရေးကြီးပါကြောင်း။

မိမိတို့ ဒုတိယအကြိမ် လွှတ်တော်များ၏ သက်တမ်းသည် မကြာမီကာလတွင် သုံးနှစ်ပြည့်မြောက်တော့မည် ဖြစ်ပါကြောင်း၊ သုံးနှစ်တာ ကာလအတွင်း မိမိတို့ရရှိခဲ့ကြသည့် အတွေ့အကြုံမှ အားသာချက်၊ အားနည်းချက်များကို ပြန်လည်စိစစ်သုံးသပ်ပြီး ကျန်ရှိသည့် လွှတ်တော်သက်တမ်းတွင် ပြည်သူ့အတွက် အကောင်းဆုံးထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ မဲဆန္ဒရှင်များက အားကိုးယုံကြည်စွာ ရွေးချယ်တာဝန်ပေးထားသည့် မိမိတို့သည် လွှတ်တော်တာဝန်နှင့် ကိုယ်စားလှယ်တာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ကြမှသာ ဥပဒေပြုရေးမဏ္ဍိုင်၏ စွမ်းဆောင်ရည် ဆက်လက်မြင့်မားနေမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးနှင့် စောင့်ကြည့်ထိန်းညှိခြင်း တာဝန်များကို ပီပြင်စွာ ထမ်းဆောင်နိုင်ရန် လိုအပ်သကဲ့သို့ မိမိရပ်ရွာ၊ မိမိကိုယ်စားပြုသည့် မဲဆန္ဒနယ်၏ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်မှသာ ပြည်သူက ပိုမိုအားကိုးယုံကြည်လာကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အမျိုးသား အကျိုးစီးပွားအတွက် မိမိတို့အားလုံးက မွန်မြတ်သည့် စိတ်ရင်းစေတနာနှင့် ဆက်လက်ကြိုးပမ်းထမ်းဆောင်ကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ကော်မတီများတွင် ကော်မတီဥက္ကဋ္ဌ ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ကော်မတီအဖွဲ့ဝင်ပြောင်းရွှေ့ခြင်း၊ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ အတွင်းရေးမှူးအဖြစ် ရွှေကျင် မဲဆန္ဒနယ်မှ ဦးစောသလေးစောနှင့် အဖွဲ့ဝင် ၁၆ ဦးတို့ဖြင့် ဖွဲ့စည်းရန် လျာထားကြောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်။

### ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ စာအုပ်ကို ရေးသားပြုစုထုတ်ဝေရန် စီစဉ်

ထို့နောက် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ စာအုပ်ကို ရေးသားပြုစုထုတ်ဝေရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ ကြယ်ပွင့်ပြမေးခွန်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဖြေကြားချက်နှင့် ပေါင်းစပ်ရှင်းလင်းဖြေကြားမည် ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်အနေဖြင့် ၁၉၇၁ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ (၁၉၄၅ ခုနှစ် မတ် ၁၇ ရက်မှ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်အထိ) စာအုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ ဈေးကွက်လိုအပ်ချက်အရ ယင်းစာအုပ်ပြန်လည်ပုံနှိပ်ထုတ်ဝေရန် အစီအစဉ်ရှိပါကြောင်း။

ယခုအခါတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ (၁၉၁၅-၁၉၄၇)ကို ထုတ်ဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စာမူကြမ်းအဖြစ် ရေးသားပြုစုထားရှိပြီးဖြစ်ပါကြောင်းကို ယင်းဝန်ကြီးဌာန၏ အကြောင်းကြားချက်အရ သိရှိရပါကြောင်း၊ ယင်းစာအုပ်တွင် အခန်း(၆) ခန်းပါဝင်ပါကြောင်း၊ အခန်း(၁) လူငယ်ဘဝ (၁၉၁၅မှ ၁၉၃၂)၊ အခန်း(၂) တက္ကသိုလ်ကျောင်းသားဘဝ (၁၉၃၂မှ ၁၉၃၈ အထိ)၊ အခန်း(၃) သခင်ဘဝ၊ အခန်း(၄) လက်နက်ကိုင်တော်လှန်ရေးပြင်ဆင်မှုကာလ (၁၉၄၀-၁၉၄၁ အထိ)၊ အခန်း(၅) စစ်ဝန်ကြီးဘဝ (၁၉၄၂မှ ၁၉၄၅အထိ)၊ အခန်း(၆) အမျိုးသားခေါင်းဆောင်(၁၉၄၅ မှ ၁၉၄၇ အထိ) စသည်တို့ဖြင့် အကြောင်းအရာ စုံလင်စွာ ရေးသားပြုစုထားသည်ဟု သိရှိရပါကြောင်း ရှင်းလင်းဖြေကြားသည်။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ အုပ်စုရှိ ရပ်ဆိုင်းထားသော ချဉ်ပေါင်ပျော့ဖတ်စက်ရုံအား BOT စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အုတ်တွင်း ချဉ်ပေါင်ပျော့ဖတ်စက်ရုံအတွက် စက်ပြင်ဆင်မွမ်းမံရန် လိုအပ်သည့်ရန်ပုံငွေရရှိရန် ခက်ခဲခြင်း၊ စွမ်းအားပြည့်မလည်ပတ်နိုင်ခြင်း၊ လိုအပ်သည့် ကုန်ကြမ်းလျှော်များ အပြည့်အဝမရရှိခြင်းစသည့် အခြေအနေများပေါ်ပေါက်ခဲ့သည့်အတွက် နှစ်စဉ်အရှုံးဖြစ်ပေါ်ခဲ့ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေပြီး ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံတော်မှ မဆောင်ရွက်သင့်တော့သည့် စက်ရုံထုတ်လုပ်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံခွင့် ဆောင်ရွက်ခြင်းဖြင့် ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ပြီး အဆိုပါ စက်ရုံကို ပုဂ္ဂလိကသို့ ငှားရမ်းနိုင်ရေး အစီအမံများချမှတ်ဆောင်ရွက်ခဲ့ကြောင်းကို သိရှိရပါကြောင်း၊ အဆိုပါစက်ရုံကို ငှားရမ်းရန်ကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးမှ အတည်ပြုခဲ့ပါကြောင်း၊ တစ်နှစ်ငှားရမ်းခ ငွေကျပ်သိန်း ၈၀ ဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ နှစ် ၃၀ ငှားရမ်းခဲ့ပါကြောင်း။

ကုမ္ပဏီအနေဖြင့် မူလလုပ်ငန်းဖြစ်သော ချဉ်ပေါင်လျှော်ပျော့ဖတ်ထုတ်လုပ်ရန် ဆောင်ရွက်ရာတွင် လျှော်စိုက်တောင်သူများအနေဖြင့် လျှော်ကုန်ကြမ်းစိုက်ပျိုးမှုထက် ဈေးကွက်ကောင်းသီးနှံများ စိုက်ပျိုးမှုအပေါ် အာရုံထားစိုက်ပျိုးလာမှုကြောင့် ကုန်ကြမ်းရရှိရန် ခက်ခဲခြင်း၊ ကုန်ချောရောင်းချရန်အတွက်လည်း ပြည်ပတွင် ဈေးကွက်ဝင် အရည်အသွေးနှင့်အညီ မဆောင်ရွက်နိုင်သည့် အကန့်အသတ်များရှိလာခြင်းနှင့်အတူ စက်ရုံတွင် အရှုံးပေါ်လာခဲ့ပြီး ဆက်လက်လည်ပတ်နိုင်ခြင်းမရှိသည့် အနေအထားသို့ ရောက်ရှိလာခဲ့ပါကြောင်း။

ကုမ္ပဏီမှ တင်ပြလာသည့် ပြောင်းလဲဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားအပေါ် မူလစာချုပ်ပါ အချက်များကို အခြေခံထားပြီး နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမှုရှိပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိမှု စသည့် အချက်များကို ထည့်သွင်းသုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအနေအထားတွင် လွှတ်တော်ကိုယ်စားလှယ် ထောက်ပြညွှန်းဆိုထားသည့် အထည်ချုပ်လုပ်ငန်းလည်း ပေါ်ထွန်းလာနိုင်ဖွယ်ရှိပြီး ယင်းထက် ပိုမိုအကျိုးဖြစ်ထွန်းမည့် လုပ်ငန်းများလည်း ဖြစ်တည်လာနိုင်မှုကိုလည်း မျှော်မှန်းဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့နောက် လက်ရှိ အုတ်တွင်းမြို့နယ်အတွင်းရှိ ချဉ်ပေါင်ပျော့ဖတ်စက်ရုံနှင့်စပ်လျဉ်း၍ BOT သို့မဟုတ် ဆီလျော်ညီညွတ်မည့် နိုင်ငံခြား သို့မဟုတ် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ရပ် ဆောင်ရွက်သွားနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ တင်ပြဆုံးဖြတ်ချက်ခံယူပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကောလင်း မဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ **ကောလင်းမြို့နယ်အတွင်းဖြစ်ပွားခဲ့သော ဝက်နားရွက်ပြာနှင့် အခြားပူးတွဲရောဂါများကြောင့် ဝက်များထောင်ချီသေဆုံးကာ စီးပွားရေးပျက်စီးသွားသော မွေးမြူရေးသမားများအတွက် နိုင်ငံတော်မှ ထောက်ပံ့ကူညီပေးနိုင်ခြင်း ရှိ၊ မရှိ၊ မွေးမြူရေးပြန်လည်ထူထောင်ရန် ငွေကြေးနှင့် နည်းပညာပံ့ပိုးနိုင်ခြင်း ရှိ၊ မရှိ၊ ကူးစက်ရောဂါ ဖြစ်ပွားလာပါက ထိန်းချုပ်ရေးအစီအစဉ်များ မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝက်နားရွက်ပြာရောဂါသည် လူသို့ကူးစက်မှုမရှိသည့် ရောဂါဖြစ်ပါကြောင်း၊ လူသို့ ကူးစက်နိုင်သည့် ကြက်ငှက်တုပ်ကွေးရောဂါကဲ့သို့ သုတ်သင်ရှင်းလင်းသည့် မူဝါဒ ထည့်သွင်းချမှတ်ထားမှုမရှိပါကြောင်း၊ ဝက်နားရွက်ပြာရောဂါဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ မွေးမြူထားသည့် ဝက်များသေဆုံးမှု၊ ဈေးလျှော့ရောင်းချမှုတို့ကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုများအပေါ် အထောက်အပံ့ပြုရန် အစီအစဉ်မရှိဘဲ နည်းပညာပိုင်းသာ ကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ ကောလင်းမြို့နယ်တွင် ဝက်နားရွက်ပြာရောဂါ ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ပညာပေးလုပ်ငန်းများ၊ ထိန်းချုပ်မှုဆိုင်ရာလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းငေါ်င်းဆိုင်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ မုံရွာ မဲဆန္ဒနယ်မှ ဦးညွန့်အောင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ရှင်းလင်းဖြေကြားကြသည်။

### မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း

ယင်းနောက် ချောင်းဆုံ မဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်းက **နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်တွေ့ကျကျ အကျိုးရှိ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာတွင် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သည့် အရည်အသွေးကောင်း မျိုးစေ့နှင့် မျိုးပွားအစိတ်အပိုင်းများကို တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲလာနိုင်ရေးကို ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သည့် လယ်ယာထုတ်ကုန်များကို တိုးတက်ထုတ်လုပ်လာနိုင်ပြီး တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ ပိုမိုမြင့်မားလာစေရန်အတွက် ရည်ရွယ်ပါကြောင်း။

မျိုးစေ့ မျိုးပွားလုပ်ငန်းကို လက်တွေ့ကျကျ ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သော အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ တက္ကသိုလ်အသီးသီးမှ ပညာရှင်များ၊ အသေးစား အလတ်စားလုပ်ငန်းများမှ ပညာရှင်များနှင့် လုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူများအား စုစည်းဖိတ်ကြားကာ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ ကျင်းပပြီး မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကို စီစဉ်ပေးရန်၊ သုတေသနပြုလုပ်ငန်းတွင် လက်ရှိအားနည်းမှုများရှိသော စပ်မျိုး၊ ဗီဇပြုပြင်မျိုး၊ တစ်သျှူး မျိုးပွားမျိုး၊ မျိုးသစ်တီထွင်ထုတ်လုပ်နိုင်ရေး အတွက် မူပိုင်ခွင့် အခွင့်အရေးများပေးလျက် အားပေးမြှင့်တင်ပေးရန်လိုအပ်ပါကြောင်း။

မျိုးထုတ်စိုက်ပျိုးသူများအတွက် လိုအပ်သော ပံ့ပိုးပစ္စည်း စက်ကိရိယာနှင့် အရင်းအနှီးများ သက်သာလွယ်ကူစွာရရှိနိုင်ရေး၊ ထွက်ရှိသီးနှံများ တွက်ခြေကိုက်ဈေးနှုန်းရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ပြည်တွင်းပြည်ပ စီးပွားရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကူညီပေးရန် စသည့် အစီအမံများကို ကြိုးပမ်းဆောင်ရွက်လာနိုင်မည် ဆိုပါက လက်ရှိအနေအထားမှသည် မျိုးစေ့နှင့် မျိုးအစိတ်အပိုင်းများ ဖွံ့ဖြိုးတိုးတက်ရေးသာမက သီးနှံစုံအတွက် တိုးချဲ့ထုတ်လုပ်လာနိုင်ခြင်း၊ လူငယ်ထု၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်သဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍတွင် အခြားသော နည်းပညာများပါ ပျံ့နှံ့စီးဝင်လာနိုင်ခြင်း၊ နိုင်ငံနှင့် တောင်သူလယ်သမားများ အပါအဝင် ပြည်သူလူထု၏ဝင်ငွေ တိုးတက်လာနိုင်ခြင်းတို့အား အထောက်အကူများစွာ ဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်းနှင့် စားသုံးသူကာကွယ်ရေး ဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

❍ **ကျောဖုံးမှ**

လွှတ်တော်သက်တမ်းကာလအတွင်း အချိန်ကို အကျိုးရှိရှိအသုံးချပြီး လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကိုယ်စားပြုနယ်မြေအလိုက် ပြည်သူ၏ဆန္ဒနှင့် လိုအပ်ချက်များကို အခြေခံပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ညီညွတ်မျှတစွာဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးအဖြေရှာပေးကြရန် ဖြစ်ပါကြောင်း။

**ပူးပေါင်းပါဝင်ရန်လိုအပ်**

လက်ရှိအချိန်သည် ပြည်သူများက ၎င်းတို့၏ နေ့စဉ် လူမှုစီးပွားရေးကိစ္စများ အဆင်ပြေချောမွေ့ရေးနှင့် ဘဝလုံခြုံငြိမ်းချမ်းရေးတို့အတွက် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးကို ဆန္ဒပြင်းပြစွာ မျှော်လင့်လျက်ရှိကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း အဂတိတရားကင်းရှင်းသည့် စေတနာ၊ မှန်ကန်သည့် လုပ်နည်းလုပ်ဟန်၊ အမြော်အမြင်ကြီးမားသည့် ကြိုးစားမှုများနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ပြည်သူများ၏ မျှော်လင့်ချက်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကြုံတွေ့ရနိုင်သည့် အခက်အခဲ၊ အကျပ်အတည်းများကိုလည်း အမှန်တရားနှင့် တရားမျှတမှုကို လက်ကိုင်ထားပြီး မှန်မှန်ကန်ကန် ဆွေးနွေးဖြေရှင်းနိုင်ကြရန် တိုက်တွန်းပါကြောင်း။

ယနေ့ စတင်ကျင်းပသည့် ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးလျာထားကာလ နှစ်လခန့်အတွင်း ဥပဒေများ အတည်ပြုရေး အပါအဝင် လွှတ်တော်ဆိုင်ရာလုပ်ငန်းစဉ်များအတွက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ကိုယ်စားလှယ်များအားလုံးက ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း။

**သတ်မှတ်ရက်အတွင်း ပေးပို့ကြရန်လို**

ဆောင်ရွက်ဆဲဥပဒေများအနေဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ခြောက်ခု၊ ပြည်သူ့လွှတ်တော်တွင် ၁၉ ခုနှင့် အမျိုးသားလွှတ်တော်တွင် ရှစ်ခု စုစုပေါင်း ဥပဒေကြမ်း ၃၃ ခု ကျန်ရှိပါကြောင်း၊ အကြောင်းအရာအရဖြစ်စေ၊ လုပ်ငန်းလိုအပ်ချက်အရဖြစ်စေ ဦးစားပေးဆောင်ရွက်သင့်သည့် ဥပဒေကြမ်းများကို စိစစ်ရွေးချယ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် မြို့နယ်အလိုက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခွင့် အဆိုပြုချက်များကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထား တင်ပြရန် ပြင်ဆင်အကြောင်းကြားထားပါကြောင်း၊ ယနေ့အထိ ၂၆၂ မြို့နယ်က တင်ပြထားပြီး ၁၉၆ မြို့နယ်ကို ခွင့်ပြုပေးပြီးဖြစ်ပါကြောင်း၊ အဆိုပြုတင်ပြရာတွင် သတ်မှတ်စာရွက်စာတမ်းမပြည့်စုံသည့် မြို့နယ်အချို့ကိုလည်း လုပ်ငန်းကြန့်ကြာမှု မရှိစေရေးအတွက် လိုအပ်ချက်များကို တောင်းခံပြီး စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ လိုအပ်နေသည့်မြို့နယ်များအနေဖြင့် အမြန်ဆုံးပေးပို့ကြရန်နှင့် အဆိုပြုချက်တင်ပြရန်၊ ကျန်ရှိသည့် မြို့နယ်များကလည်း သတ်မှတ်ရက်အတွင်းပေးပို့ကြရန် လိုအပ်ပါကြောင်း။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၇-၂၀၁၈ ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးချက်အစီရင်ခံစာတွင် ယခင်နှစ်နှင့် အလားတူ အားနည်းချက်၊ လိုအပ်ချက်များ ထပ်မံပါရှိနေသည်ကို စိစစ်တွေ့ရှိရသည့်အတွက် မြို့နယ်အကောင်အထည်ဖော်ရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီအောင် ဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားလိုပါကြောင်း။

**တက်ရောက်ဆွေးနွေးအဖြေရှာ**

မဲဆန္ဒနယ်မြေအသီးသီးမှ လွှတ်တော်တည်ရှိရာ နေပြည်တော်တွင် စုစည်းရောက်ရှိလာကြခြင်းသည် မဲဆန္ဒရှင်ပြည်သူများ၏ကိုယ်စား လွှတ်တော်ပုံမှန်အစည်းအဝေးနှင့် သက်ဆိုင်ရာကော်မတီ အစည်းအဝေးများကို တက်ရောက်ဆွေးနွေးခြင်းအပါအဝင် အခြားလွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် တက်ရောက်ဆွေးနွေးအဖြေရှာခြင်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ တာဝန်ကျေပွန်မှုနှင့် ကျင့်ဝတ်စည်းကမ်းလိုက်နာမှုကို ပြသရာရောက်သကဲ့သို့ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများအတွက် သင့်တော်မှုကိုလည်း ပြသရာရောက်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ပုံမှန်အစည်းအဝေးများ၊ သက်ဆိုင်ရာလွှတ်တော်ကော်မတီ အစည်းအဝေးများကို အတတ်နိုင်ဆုံး တက်ရောက်ပြီး ပါဝင်ဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း။

ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်များကို နိုင်ငံတော်နှင့် ပြည်သူများအတွက် အလေးထားစဉ်းစားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတစ်ဝန်းက တိုင်းရင်းသားပြည်သူများအားလုံး အေးချမ်းလုံခြုံပြီး ဥမကွဲသိုက်မပျက် နေထိုင်နိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် စိတ်ရောကိုယ်ပါ ညီညွတ်ကြပြီး ရိုးသားမှန်ကန်သည့် စေတနာ လုပ်အားတို့ကို ပြသနိုင်ကြပါစေဟု တိုက်တွန်းပြောကြားသည်။

**အကျိုးကျေးဇူးများသာရရှိနိုင်**

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက Vienna Convention on Road Traffic 1968 နှင့် Vienna Convention on Road Signs and Signals 1968 ကို လက်ခံကျင့်သုံးခြင်းသည် မိမိတို့နိုင်ငံနှင့် ပြည်သူများအတွက် အထူးတလည် သီးခြားဆောင်ရွက်ရမည့်ကိစ္စရပ် အသစ်မဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံမှ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည့် လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများကို တရားဝင်လက်ခံကျင့်သုံးခြင်းသာဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးနစ်နာစရာမရှိဘဲ အကျိုးကျေးဇူးများသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

Convention နှစ်ခုကို လက်ခံကျင့်သုံးဆောင်ရွက်ခြင်းအားဖြင့် Convention ၏ အဖွဲ့ဝင်နိုင်ငံများသည် အခြားအဖွဲ့ဝင်နိုင်ငံများ၏ မော်တော်ယာဉ်များကို အပြန်အလှန်အသိအမှတ်ပြုသည့်အတွက် ယာဉ်များ နိုင်ငံကျော်ဖြတ်သွားလာရာတွင် လျင်မြန်ချောမွေ့ပြီး မြန်ဆန်နိုင်စေခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု တိုးတက်လာနိုင်စေမည့်အပြင် လမ်းညွှန်များ၊ အချက်ပြများ၊ သင်္ကေတများနှင့် လမ်းအမှတ်အသားများသည် အပြည်ပြည်ဆိုင်ရာ ယာဉ်သွားလာမှုများနှင့် တစ်ပြေးညီရှိလာနိုင်ခြင်း၊ မိမိတို့နိုင်ငံက ထုတ်ပေးနေသည့် International Driving Permit ကို နိုင်ငံတကာအသိအမှတ်ပြု လက်ခံလာနိုင်မည့် အကျိုးကျေးဇူးများကို ရရှိလာနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

**အဆိုတင်သွင်း**

ဆက်လက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားပြီး ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်းက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားပြီး ပြည်ထောင်စုလွှတ်တော်နာယက က ယင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးအောင်မင်းက ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈ ခုနှစ် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ ထုတ်ပြန်ရေးနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက စာမျက်နှာ ၁၁ သို့

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း**

အစည်းအဝေးတွင် ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများ၏ အခက်အခဲများ၊ လိုလားချက်များ၊ တောင့်တချက်များ၊ နယ်မြေဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များစသည့် ပြည်သူများ၏ အသံ၊ ပြည်သူများ၏ ဆန္ဒများကို နားထောင်ခဲ့ကြ၊ ကွင်းဆင်းလေ့လာခဲ့ကြပြီး ဖြစ်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ထိုသို့ ပြည်သူများ၏ လိုလားချက်ဆန္ဒနှင့် အခက်အခဲများကို အကောင်အထည်ဖော်နိုင်ရေးအတွက် လွှတ်တော်အတွင်း မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ကော်မတီများအလိုက် ဆောင်ရွက်ရမည့် ကော်မတီလုပ်ငန်းများနှင့် ဆက်စပ်၍ ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားပြီး ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားရင်း ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ ပြည့်စုံစွာဖြင့် မဲဆန္ဒရှင်ပြည်သူများအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင်၏ **မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်တွင် ကျေးရွာ ကိုးရွာ အသုံးပြုနိုင်မည့် ယောချောင်းတံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ယောချောင်းကူးတံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့် (၁) လမ်းပေါ်တွင် တည်ရှိသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း၏ **ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ချောင်းပေါင်ပေါ်ရှိ မြေသားလမ်း "ရွှေစိုးစံ ဆီဆိုင်ရှေ့မှ မြောင်းခွရေပေးမြောင်း မိုင်နာ (၁)အထိ (၄ ဒသမ ၃) မိုင်ရှည်သော လယ်ယာကုန်ထုတ်လမ်း"ကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆိုပါလမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ခြင်းလုပ်ငန်းအား ကွင်းဆင်းတိုင်းတာတွက်ချက်၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ကယားပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန်** လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန်** လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# လွတ်လပ်ရေးဖိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၁**

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးဖိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ခင်းကျင်းပြသနိုင်**

ညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားများတွင် ဗိုလ်ချုပ်၏ အစောပိုင်းကာလ ဖြတ်သန်းမှုများ၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုများ၊ ဗိုလ်ချုပ်နှင့် ဆက်စပ်ဖြစ်ပေါ်သည့် နောက်ခံနိုင်ငံရေးဖြစ်စဉ်များ၊ ဗိုလ်ချုပ်၏မိန့်ခွန်းများ၊ ဗိုလ်ချုပ်နှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ၊ မှတ်တမ်းရုပ်သံများ၊ ဗိုလ်ချုပ်၏အတ္ထုပ္ပတ္တိ ရက်စဉ်မှတ်တမ်းနှင့် မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသနိုင်ပါကြောင်း။

စာသင်ကျောင်းများတွင် ဗိုလ်ချုပ်နှင့်ပတ်သက်သည့် ကဗျာရွတ်ပြိုင်ပွဲ၊ ကျပန်း စကားပြောပြိုင်ပွဲ၊ ဗိုလ်ချုပ်မိန့်ခွန်းကောက်နုတ်ချက်များကို ဗိုလ်ချုပ်၏ဟန်ဖြင့် ကလေးများက မိန့်ခွန်းပြောသည့် ပြိုင်ပွဲ၊ ပြင်ပက ပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ထူးခြားသည့်အရည်အချင်းများ၊ အတုယူမှတ်သားဖွယ်ရာများကို ဟောပြောသည့် ဟောပြောပွဲများနှင့် ဗိုလ်ချုပ်၏စိတ်ဓာတ်၊ ဗိုလ်ချုပ်၏စွမ်းဆောင်ချက်များနှင့်ပတ်သက်သည့် စကားဝိုင်းများ ကျင်းပပြုလုပ်နိုင်ပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့များတွင် မည်သို့ကျင်းပမည်ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်း၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များကို တိကျစွာချမှတ်ပြီး ယင်းဦးတည်ချက်၊ ရည်ရွယ်ချက်နှင့်ကိုက်ညီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားအဆင့်နှင့် ဒေသအဆင့် အခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များနှင့် စာသင်ကျောင်းများတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် ပြပွဲ၊ ပြိုင်ပွဲများ ဆောင်ရွက်သွားမည့်အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်တင်ပြ**

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ကဗျာရွတ်ပြိုင်ပွဲ၊ ကျပန်းစကား ပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများ ကျင်းပသွားမည့် အစီအမံများ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် စာအုပ်၊ စာတမ်းများ ပြသမည့် အစီအစဉ်များ၊ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်ဖြန့်ဝေမည့် အစီအစဉ်များ၊ စာသင်ကျောင်းများတွင် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အထိမ်းအမှတ် အခမ်းအနားများနှင့် ပြိုင်ပွဲများ ကျင်းပသွားမည့် အစီအစဉ်များနှင့် ဗိုလ်ချုပ်နှင့်ပတ်သက်သည့် မှတ်တမ်းဗီဒီယို မိန့်ခွန်း၊ ရုပ်သံ၊ သီချင်းပြသသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးဝင်းမော်ထွန်းတို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြကြသည်။

**အတုယူတတ်စေရန် ရည်ရွယ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပရာတွင် ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံအတွက် ဆောင်ရွက်ခဲ့သည့် လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ချက်များ ပေါ်လွင်စေရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဗိုလ်ချုပ်၏ ဖြောင့်မတ်တည်ကြည်သည့်စိတ်၊ အမှန်တရားကို မြတ်နိုးသည့်စိတ်၊ ရဲစွမ်းသတ္တိရှိမှု၊ အများအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်တတ်မှုစသည့် အကြောင်းအရာများ ပေါ်လွင်စေရန်နှင့် နိုင်ငံသူ နိုင်ငံသားများနှင့် အထူးသဖြင့် ကလေးငယ်များ၏ စိတ်ထဲတွင် စွဲမြဲသွားပြီး အတုယူတတ်စေရန် ရည်ရွယ်၍ ကျင်းပသွားရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာနှင့် ပုံပြောပြိုင်ပွဲများ ထည့်သွင်းကျင်းပ



**မြစ်ကြီးနား ဇန်နဝါရီ ၂၁**

ကလေးစာပေပွဲတော်(မြစ်ကြီးနား)တွင် တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာနှင့်ပုံပြောပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ပြီး ယနေ့ကျင်းပသည့် ပုံပြောပြိုင်ပွဲသို့ မူလတန်းနှင့် အလယ်တန်းအဆင့် လီဆူ၊ ဂျိန်းဖော၊ လာချိဒ်၊ ရဝမ်၊ တိုင်းဆာ၊ တိုင်းလိုင်၊ တိုင်းလုံ၊ ဇိုင်ဝါး၊ လော်ဝေါ် တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေနှင့်ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေဖြင့် ရေးဖွဲ့ထားသည့် ကဗျာများ၊ ပုံပြင်များကို အခြားတိုင်းရင်းသားများ သိရှိပြီး ဂုဏ်ယူမြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာနှင့် ပုံပြောပြိုင်ပွဲများကို ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်သည့် အထက-၁ မှ ဂျိန်းဖောတိုင်းရင်းသူ မဂျာနော်ဆိုင်းက "ကျွန်မ ဒီနေ့ ပုံပြောပြိုင်ပွဲမှာ ဂျိန်းဖောဘာသာဆိုရင် ချဂရောန်ထဲ့ ဆဂူးကရျာအလမ်၊ **စာမျက်နှာ ၉ သို့ ○**



မောင်စိုင်းမြင့်ဦး(တိုင်းလုံ-ရှမ်း)



မောင်ချန်းဒေးဗစ်ဆန်းလွင်(ရဝမ်)



မရာခေလ(လီဆူ)



မပောင်းညွယ်(လော်ဝေါ်)

# ကလေးစာပေပွဲတော်(မြစ်ကြီးနား)ဒုတိယနေ့ လာရောက်သူများဖြင့် စည်ကားများပြား

မြစ်ကြီးနား ဇန်နဝါရီ ၂၁

**ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲဒုတိယနေ့ကို မြစ်ကြီးနားမြို့ မြစ်ကြီးနားတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နံနက်ပိုင်းမှ ပွဲတော်ပိတ်သိမ်းချိန် ညနေ ၅ နာရီအထိ လာရောက်လေ့လာသူများ၊ ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားများပြားလျက်ရှိသည်။**



အဆိုပါပွဲတော်တွင် မြစ်ကြီးနားမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှု၊ ကချင်အနုပညာရှင်များအသင်းမှ တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှု၊ ရုပ်သေးအကဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် ကျောက်ဆည်မြို့ ရိုးရာဆင်အကအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုတို့ကို ပွဲတော်လာရောက်သူများက အားပေးကြည့်ရှုကြသည်။

**ထည့်သွင်းကျင်းပ**

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသည့် ကလေးများအတွက် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ အရုပ်ဆက်၊ အိမ်တည်ဆောက်မှုပြိုင်ပွဲများနှင့် စုပေါင်းယှဉ်ပြိုင်ရသည့် ဂိမ်းကစားနည်း ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပေးခဲ့သည်။

ပွဲတော်ဒုတိယနေ့စာပေဟောပြောပွဲတွင် စာရေးဆရာ ရွှေမြာလှဝင်းဆွေက “ကလေးကဗျာ ချစ်စရာ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ထီလာသန်းနိုင်က “အရှေ့ အနောက် တောင် မြောက် ဘယ်မှာ” ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးခဲ့ပြီး စာပေစကားဝိုင်းတွင် “ခေတ်အမြင် ခေတ်အတွေး လူငယ်အရေး” ခေါင်းစဉ်ဖြင့် မောင်ရည်ကျော် (ရှုပ)၊ မောင်သောမတ်စ်တူးတူး၊ မနန်းအိဖြိုးထက်၊ မခိုင်မာလွင်အေးနှင့် မဌေးဌေးလွင်တို့ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အလားတူ ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် မေခအောင်၊ အောင်ထွန်းလင်း၊ စောနဒီ (မြစ်ကြီးနား)၊ မြစ်ငယ်ကျော်မော်တို့က “လူငယ်နှင့် အကျင့်စာရိတ္တ”ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ ပွဲတော်လာရောက်သူများက စိတ်ပါဝင်စားစွာ တက်ရောက်နားထောင်ခဲ့ကြကြောင်း သိရသည်။

**ပါဝင်ပြသ**

ထို့ပြင် ကလေးစာပေပွဲတော် (မြစ်ကြီးနား)တွင် အသိပညာပေးပြခန်း ၂၆ ခန်း ပါဝင်ပြသထားပြီး မြစ်ကြီးနား Community Centre နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း Mobile Library ပြခန်း၊ ဘူမိဗေဒပြခန်း၊ ရုက္ခဗေဒပြခန်း၊ သတ္တဗေဒပြခန်း၊ ဓာတုဗေဒနှင့် ဇီဝဓာတုဗေဒပြခန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး/သစ်တောရေးရာပြခန်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ပြခန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးပြခန်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြခန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအသိပညာပေးပြခန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၏အသိပညာပေးပြခန်း၊ I.E.L.T အင်္ဂလိပ်စာနှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးသင်တန်းကျောင်းပြခန်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ပြခန်းသုံးခန်း၊ ညောင်ပင်သာကလေးစာကြည့်တိုက်မှ အသိပညာပေးပြခန်း၊ အခြေခံပညာကျောင်းများမှ ပြခန်း ငါးခန်း၊ ILBC မှ အသိပညာပေးပြခန်း၊ ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား)မှ အသိပညာပေးပြခန်း၊ နည်းပညာတက္ကသိုလ် (မြစ်ကြီးနား) မှ အသိပညာပေးပြခန်း၊ Green Hills Academy မှ အသိပညာပေးပြခန်းတို့ ပါဝင်ပြသထားခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ လော်ဝေါ်၊ ရဝမ်၊ လာချိဒ်၊ ဂျိန်းဖော၊ လီဆူ၊ ဇိုင်ဝါး၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခမ်းတီ စသည့် တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုပြခန်း ၁၁ ခန်း ပါဝင်ပြသထားကြောင်း သိရသည်။

ထို့အပြင် စာအုပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေးလုပ်ငန်းများမှ စာအုပ်အရောင်းဆိုင် ၅၀ လာရောက်ရောင်းချကြောင်း သိရှိရပြီး ကလေးစာပေနှင့်ပတ်သက်သည့် စာအုပ်စာစောင်များ အများဆုံးရောင်းချရကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ကလေးစာပေပွဲတော် ဒုတိယနေ့သို့ ကျောင်းသားကျောင်းသူများ အပါအဝင် ပြည်သူ ၆၀၀၀၀ ကျော် လာရောက်လေ့လာခဲ့ပြီး ပွဲတော်ပထမနေ့က ကျောင်းသားကျောင်းသူများ အပါအဝင် ပြည်သူ ၅၀၀၀၀ ကျော် လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

**ပျော်ရွှင်မှုကိုဖန်တီးပေး**

ကလေးစာပေပွဲတော်ကို နိုင်ငံ၏ အနာဂတ်မှာ ခေါင်းဆောင်များဖြစ်လာကြမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်စေရန်နှင့် နှုတ်မှုရေးရာပြောဆိုနိုင်သည့် စွမ်းရည်များ မြင့်မားလာစေရန်၊ ကလေးများ စာပေနှင့် ထိတွေ့ရင်းနှီးမှုရပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ယနေ့ ကလေးစာပေပွဲတော်သို့ လာရောက်သည့် ကျောင်းသားကျောင်းသူများအား ကချင်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ရေသန့်နှင့် မုန့်များ၊ Nestle မှ နို့အေးများကို စတုဒိသာအဖြစ် လှူဒါန်းဝေငှခဲ့ကြောင်း သိရသည်။

**အောင်မင်းဟန်**
**ဓာတ်ပုံ-ထိန်နန်နော်**







○ စာမျက်နှာ ၈ မှ

မြန်မာဘာသာဆိုရင် ဝံပုလွေနဲ့ သိုးကလေးဆိုတဲ့ ပုံပြင်နဲ့ လာရောက်ယှဉ်ပြိုင်တာပါ။ ယှဉ်ပြိုင်တာမျိုး မဟုတ်ဘဲ ဂျိန်းဖောဘာသာစကားကို တခြားတိုင်းရင်းသားတွေကို သိစေချင်တယ်။ ဒီလိုမျိုးပြောပြရတဲ့အတွက်လည်း ပျော်တယ်။ တခြားသူငယ်ချင်း၊ တခြားတိုင်းရင်းသားတွေရဲ့ ပုံပြင်တွေကိုလည်း သိချင်ပါတယ်”ဟု ပြောသည်။

“ကလေးစာပေပွဲတော်မှာ တိုင်းရင်းသားဘာသာစကားနဲ့ ပုံပြင်၊ ကဗျာတွေ ပါဝင်ပြောကြားလို့ရတယ်လို့ ပြောပါတယ်။ ကျောင်းမှာလည်း ဂျိန်းဖောဘာသာစကားကို Grade-1 ကနေ Grade-4 အထိ သင်တာရှိပါတယ်။ အဲဒါနဲ့ ကလေးတွေက ပုံပြင်ပြောပါဝင်ချင်တယ်ဆိုတာနဲ့ ဒီနေ့ ကလေးတွေကို လိုက်ပို့တာပါ။ ကလေးတွေက ဒီလိုပါဝင်ရတဲ့အတွက် ပျော်ကြတယ်။ ကလေးတွေ ပျော်တော့ ကျွန်မဆီလည်း အပျော်တွေ ကူးစက်ပြီး ပျော်တယ်။ ပုံပြောလာပြိုင်ရုံတင်မဟုတ်ဘဲ သူတို့အနေနဲ့ တခြားလေ့လာစရာတွေလည်းရှိတယ်”ဟု ဆရာမ ဒေါ်ဂျာမိုင်က ပြောကြားသည်။

ရဝမ်တိုင်းရင်းသားဘာသာဖြင့် ပုံပြောပြိုင်သူ အထက (၈)မှ မောင်ချန်းဒေးဗစ်ဆန်းလွင်က ပြိုင်ပွဲနှင့်ပတ်သက်၍ “ဒီလိုမျိုး တခြားတိုင်းရင်းသားသူငယ်ချင်းတွေ အများကြီးရှိတဲ့နေရာမှာ တစ်ခါမှ မပြောဖူးဘူး။ ဘုရားကျောင်းမှာတော့ သီချင်းဆိုဖြစ်တယ်။ အခုလိုမျိုးပြောတာက ပထမဆုံးပြောဖူးတာဆိုတော့ စိတ်လှုပ်ရှားသလို ပျော်လည်းပျော်တယ်။ ပုံပြင်ဆိုပေမယ့် ကျွန်တော့်စိတ်ထဲမှာ ကိုယ့်ရဲ့ရဝမ်လူမျိုးတွေကိုယ်စား ပြောနေရသလို ခံစားရတယ်။ နောင်ကျလည်း ဒီလိုမျိုးလုပ်ပေးစေချင်တယ်”ဟု ပြောသည်။

တိုင်းရင်းသားဘာသာစကားဖြင့် ပုံပြောပြိုင်ပွဲတွင် တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာတွဲဖက်ပြောပြသည့် အဖွဲ့လိုက်ပုံပြောပြိုင်ခြင်းများလည်း ပါဝင်သည်။

တိုင်းလုံဘာသာနှင့် မြန်မာဘာသာတွဲဖက်ပုံပြောပြိုင်သူ တိုင်းလုံတိုင်းရင်းသား မောင်စိုင်းမြင့်ဦးက“ကျွန်တော်က ကျွန်တော်တို့ ဘာသာနဲ့ ပြောတယ်။ ကျွန်တော့်သူငယ်ချင်း နန်းမိုင်းမိုင်က မြန်မာလိုပြောတယ်။ ကျွန်တော်တို့ဘာသာနဲ့ဆို လင်းတောင်းလိမ်လို့ခေါ်ပြီး မြန်မာလိုကျတော့ လကိုဆယ်သောမျောက်ဆိုတဲ့ပုံပြင်ကို ပြောပြကြတယ်။ ပုံပြောပြီးတော့ တခြားနေရာတွေလည်း အဖေနဲ့ သူငယ်ချင်းတွေနဲ့ အတူတူ သွားလေ့လာကြတယ်။ ကျွန်တော်တို့က ဒီလိုမျိုးမကြုံဖူးတော့ ဝမ်းသာတယ်။ နောင်နှစ်တွေမှာလည်း လုပ်ဖြစ်ရင် ကဗျာရော၊ ပုံပြင်ရော ဝင်ပြိုင်မယ်”ဟု ပြောသည်။

ယမန်နေ့က တိုင်းရင်းသားဘာသာဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲကိုလည်း ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းလိုင်၊ ဇိုင်ဝါး၊ ဂျိန်းဖော၊ ရဝမ်၊ လီဆူနှင့် လော်ဝေါ် တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ လာရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ရှင်မင်း**
**ဓာတ်ပုံ-ထိန်နန်နော်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃/၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင်ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ဆည်ရွာကျေးရွာနေ အောင်အောင် (ဘ) ဦးသန်းရွှေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁-၂၀၁၉ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ဆည်ရွာကျေးရွာနေ အောင်အောင်(ခ) အောင်ဌေး(၄၁)နှစ်၊ (ဘ) ဦးသန်းရွှေ၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းတော်) မယ(ပ)၃/၂၀၁၉၊ မူး/ စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁-၂၀၁၉ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၃၂)နေ အေးဇော်(၄၈)နှစ်၊ (ဘ) ဦးမြင့်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ လှိုင်မင်းထက်(ခ)ခါလေး(ခ)ကျန်ကျောင်း (၂၀)နှစ်၊ (ဘ)ဦးအုန်းလှိုင်၊ စန်းဦးအောင်(ခ)စန်းမင်းသူ (၁၉)နှစ်၊ (ဘ)ဦးမင်းသိန်း၊ ၎င်းရပ်ကွက်၊ နယ်မြေ(၇)၊ ပိတောက်မြိုင်လမ်းနေ နိုင်လင်း(၃၇)နှစ်၊ (ဘ)ဦးခင်မောင်၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြဇေယျာလမ်းနေ ဝင်းထွဋ်ဝင်း(၂၈)နှစ်၊ (ဘ)ဦးဝင်းထိန်တို့အား WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဆေးခြောက်များ၊ ICE များ၊ ဓား (၃)ချောင်း၊ လှံ(၄)ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၅)ဦးအား မမစ (အင်းစိန်) မယ(ပ)၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)/၂၂(ခ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁-၂၀၁၉ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်၊ သယ်န်းကျွန်းကြီးကျေးရွာ၊ R-1 လမ်းမပေါ်၌ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (၁၀၈၆) နေ သန်းထူးအောင်(၂၈)နှစ်၊ (ဘ) ဦးလှသန်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မင်္ဂလာဒုံ) မယ(ပ)၄/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ ရပ်ကွက် (၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများမူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၃၃)ဦး၊ မ(၃)ဦး၊ ပေါင်း(၃၆)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၄-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)၊ သင်္ချိုင်းကုန်းအနီး၌ လားရှိုးမြို့နယ်၊ ဂျာယန်ကျေးရွာနေ ဒေါင်ဟောင်း(၁၉)နှစ်၊ (ဘ)ဦးလွမ်းတောင်အား 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ) ၈/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ၁၅-၁-၂၀၁၉ ရက်နေ့တွင် ကွတ်ခိုင်မြို့၊ ရပ်ကွက်(၆)၊ မူကြိုကျောင်းအနီးလမ်းမပေါ်၌ ၎င်းရပ်ကွက်၊ နယ်မြေ(၃)နေ အားဟွေ(ခ) လီရှင်းဟွေ(၁၉)နှစ်၊ (ဘ) ဦးလိကွယ်ရှိ့အား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်)မယ(ပ) ၉/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၁)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ ဘိန်းဆီခဲတို့နှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၅-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ စတုဘုမ္မိကျောင်းလမ်း၌ ၎င်းမြို့၊ ရွှေတောင်ရပ်ကွက်နေ လင်းမောင်(၂၂)နှစ်၊ (ဘ)ဦးစန်းလွင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ)၇/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂)ဦး၊ မ(၁)ဦး၊ ပေါင်း(၃)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၈-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၃)၊ ငုဝါလမ်း၊ အမှတ်(၉၈)နေ လှကျော် (၄၀)နှစ်၊ (ဘ)ဦးအောင်လေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ) ၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ ၁၈-၁-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ (၃)၊ ပန်းတင်လမ်းခွဲ(၃)၊ ဓမ္မရတနာဘုန်းကြီးကျောင်းရှေ့၌ ၎င်းရပ်ကွက်၊ နယ်မြေ(၂)၊ ဓမ္မလမ်းနေ ထွန်းလင်းဦး(ခ) ကုလား (၂၂)နှစ်၊ (ဘ)ဦးစိုးသိန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ)၉/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၁၉-၁-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၄၆၄)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၆၁၁)ဦး၊ မ(၁၁၁)ဦး၊ ပေါင်း(၇၂၂)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၅၆၆၆. ၂၂) ဂရမ်၊ ICE (၅၈. ၅၁)ဂရမ်၊ ဘိန်း(၃၈၆၀၆. ၄၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉. ၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၈၇၉၅. ၂၈) ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃. ၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၀၇၉၃၀)ပြား၊ ဆေးခြောက်(၃၇၈၄. ၅၃)ဂရမ်၊ ဘိန်းရည် (၀. ၁)လီတာ၊ ဘိန်းဆီခဲ(၂၆၈. ၀၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၃. ၄၅) ဂရမ်၊ Ecstasy အကြေ(၀. ၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၄) လက်၊ ကျည်မျိုးစုံ(၂၁၁)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ဆောင်ရွက်ခဲ့ရာ ယခုပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၃)ပြား၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၈)ပြား၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၈၉၉)ပြား၊ ဖားကန့်မြို့နယ်၊ ဝေ့ခါကျေးရွာအနီး၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၂၈၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ နန့်တိန်းကျေးရွာအနီး၌ မန္တလေးမှ ဖားကန့်သို့လာသည့် ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာသော တရားခံအမျိုးသား(၄) ဦးအား သတင်းအရစိစစ်ရာ စိတ်ကြွဆေးပြား (၂၇၀၀၀)ပြား၊ ဘိန်းဖြူ(၂၆၀)ဂရမ်၊ ဘိန်းဆီခဲ(၃၃၀၀)ဂရမ်၊ လုံးခင်းကျေးရွာအုပ်စု၊ ကထန်ကျေးရွာကွက်သစ်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀)ပြား၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ကုဋ္ဌေကျေးရွာ၌ တရားခံ အမျိုးသား(၄) ဦးထံမှ စိတ်ကြွဆေးပြား (၁၈၀၀)ပြား၊ ဗန်းမော်မြို့နယ်၊ နောင်လိုက်တံတားအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၃၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မိုင်းခတ်ကျေးရွာ၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ အမှတ်(၆) ရပ်ကွက်၌ တရားခံအမျိုးသား (၃)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၃၅၃)ပြား၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဖိုးရာဇာရပ်ကွက်၌ တရားခံ အမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၁)ပြား၊ ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ စစ်တွေ-သဲချောင်းသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပေါက်တောမြို့နယ်၊ ဆင်တက်မော်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၅)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဥမှင်ကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၁၀) ပြား၊ ဘိန်းဆီခဲ (၁၆၀)ဂရမ်၊ ဘိန်းစိမ်း (၂၀၀၀)ဂရမ်၊ ရွာငံမြို့နယ်၊ ကျောက်ကူပြင်ကျေးရွာအနီး ရွာငံ-ကျောက်ဆည်သွားကားလမ်းမပေါ်၌ သတင်းအရ Honda Fit ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း (၁၆၈၀၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ကွန်ဟိန်းမြို့နယ်၊ တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Dongfeng ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ICE (၆၀၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့၊ နားမခေါ်ကားကြီးဝင်း၌တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၃၀၀၀၀)ပြား၊ မူဆယ်မြို့၊ အိုရီယမ်တယ်တိုးဂိတ်အနီး ကွတ်ခိုင်-မူဆယ်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၆၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ အိုရီယမ်တယ်တိုးဂိတ်အနီး ရှောင်ကွင်းလမ်းမပေါ်၌ ယာဉ်မောင်းမရှိဘဲ အချိန်ကြာမြင့်စွာ ရပ်တန့်ထားသည့် Nissan (၁၂)ဘီး ယာဉ်ပေါ်မှ ပလတ်စတစ်ပီပါများဖြင့် ထည့်ထားသည့် Toluene (၁၀၀၈၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ သိန္နီမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းမပေါ်၌ သတင်းအရ Mark-II ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၂) ဦးထံမှ ဘိန်းဖြူ (၁၁၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ နမ့်ခမ်းမြို့နယ်၊ ဖာလင်းကျေးရွာအဝင်ကားလမ်းမပေါ်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၆၀၀)ပြား၊ ဘိန်းဖြူ(၂၂၀)ဂရမ်၊ နမ့်ခမ်း- မန့်ဝိန်ကြီးကျေးရွာသွား ကားလမ်းမ၊ ရွှေလီကြိုးတံတားအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၇၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွတ်ခိုင်မြို့အထွက်၊ ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၆၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ နမ္မတူမြို့၊ ပန်ဟိုက်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၀၀)ပြား၊ မိုးမိတ်မြို့နယ်၊ မိုးမိတ်-မဘိမ်းသွားကားလမ်းမ၊ မိုင်တိုင်အမှတ်(၄/၃)၌ သတင်းအရ Mitsubishi Triton ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၉၀၀၀၀)ပြား၊ ဘိန်းဖြူ (၂၂၁၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ ပါဝင်ပတ်သက်သူ ကွင်းဆက်တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦး၊ Pajero ယာဉ်(၁)စီး၊ မိုးမိတ်-မဘိမ်းသွားကားလမ်းမ၊ မိုင်တိုင်အမှတ်(၄/၃)၌

**စာမျက်နှာ ၁၁ သို့ »»**

»» စာမျက်နှာ ၁၀ မှ

သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား( ၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အထက်ညောင်နီကျေးရွာ၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၅၂၇)ပြား၊ ဘိန်းစိမ်း (၁၀၀၀) ဂရမ်၊ သဲနီကျေးရွာ၊ ပလောင်ကွက်သစ်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၈၀)ပြား၊ လောက်ကိုင်မြို့နယ်၊ ချင်းရွှေဟော်မြို့အဝင်၊ လောက်ကိုင်-ချင်းရွှေဟော်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၃၄၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကျိုင်းတုံမြို့နယ်၊ မိုင်းနောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၆၇၄)ပြား၊ မိုင်းဖြတ်မြို့နယ်၊ဝမ်မိုင်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၆၅၀၀)ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နန့်မကျိုင်းကျေးရွာလမ်းဆုံအနီး၌ သတင်းအရ Vigo ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၂၀၇)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ပင်လည်ဘူးမြို့နယ်၊ တမောသာကျေးရွာအနီး ပင်လည်ဘူး-ပြစ်ဆိုင်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းစိမ်း(၂၄၀၀၅. ၁)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ငွေးချိုကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၉၅)ပြား၊ တမူးမြို့နယ်၊ ဝိတုတ်ကျေးရွာအထွက် တမူးမှ ကလေးသို့လာသည့် ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာသော တရားခံအမျိုးသား(၁)ဦးအား သတင်းအရ စစ်ဆေးရာ စိတ်ကြွဆေးပြား(၃၈၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ Buprenorphine Tablet (၂၀)ပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဇေယျာသီရိ(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅၅၂၀၀)ပြား၊ ဘုတ်ပြင်းမြို့နယ်၊ ကမ်းတောကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၆)ပြား၊ စက်လှေ(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ တောင်ဘက်ကမ်းကျေးရွာအနီး ရွှေကျင်-သိမ်ဇရပ်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၂၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၄၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင် စစ်ဆေးရေးဂိတ်၌ လားရှိုးမှ ရန်ကုန်သို့လာသည့် ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာသော တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀၀)ပြား၊ မိုးကုတ်မြို့နယ်၊ ကျပ်ပြင်ဈေးရပ်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဘိန်းဖြူ(၇. ၈)ဂရမ်၊ ကျောက်ဆည်မြို့နယ်၊ လက်ပန်ကျေးရွာ၊ အနောက်ပိုင်း(၃)ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၁၅)ပြား၊ မြစ်သားမြို့၊ ရွှေသူဌေးရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၃၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က/ခ) ရပ်ကွက်၊ (ခ/၄)လမ်း၌ သတင်းအရ Probox ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၀၀၀)ပြား၊ မော်တော်ယာဉ် (၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အောက်မင်္ဂလာဒုံကားလမ်းမကြီးပေါ်၌ Hijet ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ICE (၁)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၈၅၀)ပြား၊ ဘိန်းဖြူ(၀. ၂)ဂရမ်၊ Ketamine (၁. ၄)ဂရမ်၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာရပ်ကွက်၊ ငုဝါလမ်း၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ အမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၉၀)ပြား၊ Honda Fitယာဉ်(၁)စီး၊ ထပ်မံစစ်ဆေးဖော်ထုတ်ချက်အရ အင်းစိန်မြို့နယ်၊ ဈေးကုန်းအရှေ့ရပ်ကွက်၊ သီရိလမ်း၌ တရားခံအမျိုးသမီး (၂)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀) ပြားနှင့် မုဒိတာအိမ်ရာ(၂)ရှိ နေအိမ်အခန်းမှ စိတ်ကြွဆေးပြား (၇၄၁၈၀)ပြား၊ လှိုင်သာယာမြို့နယ်၊ ဒိုင်စုကျေးရွာအနီး ရန်ကုန်-ပုသိမ်သွား ကားလမ်းမပေါ်၌ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃၀၀၀)ပြား၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ် (၆)ရပ်ကွက်၊ ကံ့ကော်လမ်း၌ သတင်းအရ Probox ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၉၅)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၁၅၄၅)ပြား၊ ICE (၆၅)ဂရမ်၊ ဆေးခြောက်(၉)ဂရမ်၊ Premio ယာဉ်(၁)စီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၈၀)ပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ ရပ်ကွက်(၁)၌ တရားခံအမျိုးသား (၁)ဦးထံမှ ဆေးခြောက် (၉၇. ၉၈)ဂရမ်အား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှု ဖြစ်စဉ်(၁)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ ကံကြီးဝတံတားအနီး မဟူရာချောင်းဘေး၌ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၃)ပြားအား လည်းကောင်း၊ လက်နက်နှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မမုန်ကိုင်ကျေးရွာ တောစပ်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၆၈)ပြား၊ ဘိန်းဖြူ (၅. ၁)ဂရမ်၊ တူမီးသေနတ်(၁)လက်၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ သာယာကုန်းကျေးရွာ၌ တရားခံ အမျိုးသား (၁)ဦးထံမှ ICE (၁. ၃)ဂရမ်၊ လေသေနတ်(၁)လက်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ကွေ့ဝမ်းကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၁)ပြား၊ ICE (၂၁)ဂရမ်၊ လေသေနတ် (၁)လက်၊ ဆိုင်ကယ်(၂)စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၁၃-၁-၂၀၁၉ ရက်နေ့မှ ၁၉-၁-၂၀၁၉ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း (၂၅၈)မှုတွင် တရားခံကျား(၃၀၆)ဦး၊ မ(၆၁)ဦး၊ ပေါင်း(၃၆၇)ဦးကို ဘိန်းဖြူ (၄၉၄၁. ၉၃၂)ဂရမ်၊ ဘိန်းဖြူအရည် (၁. ၅)လီတာ၊ ICE (၆၀၀၁၀၅. ၂၈)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၄၇)ဂရမ်၊ ဘိန်းစိမ်း (၄၄၇၃၃. ၁)ဂရမ်၊ ဘိန်းညိုမှုန့်(၁၂၀)ဂရမ်၊ ဘိန်းစာမှုန့်(၁၅၁. ၆၅)ဂရမ်၊ စိတ်ကြွဆေးပြား (၃၁၇၈၁၆၆)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့် (၃၀၀)ဂရမ်၊ ဆေးခြောက်(၂၈၄. ၀၈)ဂရမ်၊ ဘိန်းဆီခဲ (၄၅၀၄. ၂)ဂရမ်၊ Toluene (၁၀၀၈၀) လီတာ၊ Ketamine (၆. ၅၁)ဂရမ်၊ Buprenorphine Tablet(၂၀)ပြား၊ တူမီးသေနတ် (၁)နှင့် လေသေနတ် (၂)လက်တို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

❒ စာမျက်နှာ ၇ မှ

အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်း ၉ ခု၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လပတ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ဇယား(၁)အရ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ယူ ကောက်ခံရမည့် အခွန်အကောက် ၂၀ မျိုးမှ ကောက်ခံရန် မူလခန့်မှန်းခြေလျာထားချက်သည် ကျပ် ၂၇၉၁ ဒသမ ၈၉၇ ဘီလီယံဖြစ်ကြောင်း၊ ကောက်ခံရရှိမှုသည် ကျပ် ၃၄၂၄ ဒသမ ၁၅၅ ဘီလီယံဖြစ်သဖြင့် လျာထားချက်ပေါ် အကောင်အထည်ဖော်နိုင်မှုသည် ၁၂၂ ဒသမ ၆၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ယခင်နှစ် အလားတူကာလ အခွန်ကောက်ခံရရှိမှုဖြင့် နှိုင်းယှဉ်ပါက ကျပ် ၃၄၅ ဒသမ ၃၅၆ ဘီလီယံ ပိုမိုကောက်ခံရရှိခဲ့ကြောင်း။

နိုင်ငံတော်အနေဖြင့် ရေရှည်တွင် အခွန်အရပ်ရပ် ကောက်ခံရရှိမှု ရငွေများဖြင့် အဓိကသုံးစွဲသွားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အခွန်အကောက် ရငွေနှင့် ဂျီဒီပီအချိုးသည် ၇ ရာခိုင်နှုန်းကျော်သာရှိသဖြင့် နိမ့်ကျနေဆဲဖြစ်ရာ ရသင့်ရထိုက်သည့် အခွန်အကောက်များ တိုးတက်ကောက်ခံရရှိရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လာမည့်ဘဏ္ဍာရေးနှစ် ၂၀၁၈-၂၀၁၉ တွင်လည်း ရည်မှန်းချက်ပြည့်မီစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အစီရင်ခံစာအပေါ် သုံးသပ်ဆွေးနွေး၍ အတည်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်း အစီရင်ခံစာနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၃၂၈၇၃၂၀၂ ဒသမ ၅ သန်းနှင့် ၇ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ ကျပ် ၃၂၅၂၂၈၁၈ ဒသမ ၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈ ဒသမ ၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ၆ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ အဓိကအားဖြင့် အဆိုပါကာလအတွင်း လယ်ယာကဏ္ဍ သီးနှံအချို့ထွက်ရှိမှုနှင့် ကမ်းလွန်ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု လျော့ကျခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ၌ ကဏ္ဍများတွင် သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍများတွင် ရည်မှန်းထားသည့်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း။

ယခုအစီရင်ခံသည့် ကာလသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအား ပိုမိုထိရောက်စွာ သုံးစွဲနိုင်ရန်အတွက် ပြောင်းလဲကျင့်သုံးမည့် ဘဏ္ဍာရေးနှစ်သစ်သို့ ပြောင်းလဲရာတွင် နှစ်ဟောင်းနှင့် နှစ်သစ်အကြား ကြားခံကာလအဖြစ် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ဘဏ္ဍာရေးနှစ်သစ်ကာလဖြစ်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကိုလည်း ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်း အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးသုံးသပ်၍ မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှစ်ဟောင်းနှင့် နှစ်သစ်အကူးအပြောင်းတွင် ကြားခံကာလအဖြစ် ၆ လသာ အကောင်အထည်ဖော်ရခြင်းဖြစ်ပါသဖြင့် ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၏ ရငွေအပိုင်းတွင် ကြွေးမြီရငွေများ၌ လျာထားချက်၏ ၄၉ ဒသမ ၆၉ ရာခိုင်နှုန်းသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပြီး ချေးငွေဖြင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝန်ကြီးဌာနများအနေဖြင့် ချေးငွေမရယူမီ ချေးငွေပေးအပ်သည့် သက်ဆိုင်ရာနိုင်ငံ၊ အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ကြိုတင်လေ့လာထားရန် လိုအပ်ပါကြောင်း။

နှစ်စဉ်ဘဏ္ဍာရေးနှစ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအလိုက် နှစ်စဉ်လုပ်ငန်းစီမံချက်ပေါ်မူတည်၍ ဘဏ္ဍာနှစ်အလိုက် ချေးငွေထုတ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ရန် Time Line ရေးဆွဲခြင်းတို့ကို ပီပြင်အောင်ဆောင်ရွက်မှသာ လျာထားချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု နီးစပ်နိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော အဖွဲ့အစည်းများအနေဖြင့်လည်း လာမည့်နှစ်စဉ်ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲရာတွင် အရအသုံးလျာထားချက်များကို ပိုမိုနီးစပ်အောင် လျာထားရန်လိုအပ်ပါကြောင်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ ကျခံသုံးစွဲခြင်းနှင့် ရန်ပုံငွေလွှဲပြောင်း သုံးစွဲခြင်းများကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ တင်ပြသုံးစွဲရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် ဆွေးနွေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- နိုင်နိုင်မွေး**
**ဓာတ်ပုံ-အေးသန်း**

# ပြည်ထောင်စုနေ့ အကြိုအထိမ်းအမှတ် ကဗျာရွတ်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ရှမ်းရွာသစ် ဇန်နဝါရီ ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုအထိမ်းအမှတ် ကဗျာရွတ်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတို့ကို ဇန်နဝါရီ ၂၁ ရက်က ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ကျင်းပသည်။

ကဗျာရွတ်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၁ ဦးနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရှမ်းရွာသစ်(ပြန်/ဆက်)**

❖ မြန်မာ ယူ-၁၆ မှ

ယင်းခရီးစဉ်တွင် ဩစတြေးလျ ယူ-၁၆ အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကျန်တစ်ပွဲအတွက် ဩစတြေးလျဘောလုံးအဖွဲ့ချုပ်၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်အထိ ယှဉ်ပြိုင်ရမည့် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဩစတြေးလျနိုင်ငံ၌ သွားရောက်လေ့ကျင့်ခြင်းဖြစ်သည်။ ယင်းနှစ်သင်းသည် အာရှ ယူ-၁၆ ခြေစစ်ပွဲ ဒုတိယအဆင့်တွင် အုပ်စုတစ်ခုစီ၌ ကျရောက်နေပြီး မြန်မာအသင်းက အုပ်စု (ခ) တွင် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်တို့နှင့် ကျရောက်နေပြီး ဩစတြေးလျအသင်းမှာမူ အုပ်စု (က)တွင် ဗီယက်နမ်၊ လာအို၊ အီရန်အသင်းတို့နှင့် ပါဝင်နေသည်။ ယင်းခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စု (ခ) ပွဲများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် နိုဝင်ဘာလမှစ၍ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး ဩစတြေးလျ ခြေစမ်းခရီးစဉ်မတိုင်မီ ပြည်တွင်းခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်လျက်ရှိပြီး ပဏာမကစားသမား ၃၂ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေကာ ပထမအဆင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ကစားသမားအများစုကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ဒုတိယအကြိမ် မြောက်ကိုရီးယား - အမေရိကန်ထိပ်သီးအစည်းအဝေးနှင့်စပ်လျဉ်း၍ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**ဆိုးလ် ဇန်နဝါရီ ၂၁**
တောင်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ကန်ချောင်ဝှာနှင့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုတို့သည် မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်၍ ယနေ့နံနက်ပိုင်းက တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကန်ချောင်ဝှာနှင့် မိုက်ပွန်ပီယိုတို့သည် မြောက်ကိုရီးယားနိုင်ငံ အလုပ်သမားပါတီဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချို၏ အမေရိကန်ခရီးစဉ်၊ မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်နှင့် အမေရိကန်နိုင်ငံ သမ္မတ ဒေါ်နယ်ထရန့်တို့အကြား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးတို့နှင့်ပတ်သက်၍ နာရီဝက်ကြာ တယ်လီဖုန်းဖြင့် ဆွေးနွေးပြောဆိုခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇွန်လတွင် စင်ကာပူနိုင်ငံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဒုတိယအကြိမ် မြောက်ကိုရီးယားနှင့် အမေရိကန်တို့၏ ထိပ်သီးအစည်းအဝေးကို ဖေဖော်ဝါရီလကုန်ပိုင်းတွင် ကျင်းပနိုင်ဖွယ်ရှိကြောင်းလည်း ဇန်နဝါရီ ၁၈ ရက်တွင် အိမ်ဖြူတော်က ပြောကြားခဲ့သည်။

ပြုံယမ်းနှင့် ဝါရှင်တန်အကြား အသစ်ဖြစ်သော ဆက်ဆံရေးကို တည်ဆောက်ရန်နှင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားအပြီးတိုင်ဖျက်သိမ်းရန်တို့ကို စင်ကာပူနိုင်ငံ၌ ပြုလုပ်ခဲ့သည့် မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား ပထမအကြိမ် ထိပ်သီးအစည်းအဝေးတွင် ကင်ဂျုံအန်နှင့် ထရန့်တို့ သဘောတူညီထားခဲ့ခြင်းကြောင့် အဆိုပါသဘောတူညီချက်ကို စိတ်ရင်းအမှန်ဖြင့်ကူညီရာတွင် ပူးပေါင်းဆောင်ရွက်ရန်လည်း ကန်ချောင်ဝှာနှင့် မိုက်ပွန်ပီယိုတို့သည် ဖုန်းဖြင့်ဆွေးနွေးစဉ် သဘောတူညီခဲ့ကြသည်။

**ဆင်ဟွာ**



# ဆီးရီးယားနိုင်ငံအတွင်းရှိ အီရန်စစ်ဘက်ပစ်မှတ်များအား လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ဟု အစ္စရေးပြောကြား

**ဂျေရုဆလင် ဇန်နဝါရီ ၂၁**
ဆီးရီးယားနိုင်ငံအတွင်းရှိ အီရန်၏စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို ကြီးမားသော လေကြောင်းမှ စီးနင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားပြီး ဆီးရီးယားစစ်သည်များ အပါအဝင် ၁၀ ဦးကျော် သေဆုံးသွားကြောင်း သတင်းများထွက်ပေါ်ခဲ့သည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အစ္စရေးစစ်ဘက်က ယင်းကြေညာချက်ကို ဗီဒီယိုပြကွက်များနှင့်အတူ ထုတ်ပြန်ခဲ့သည်။ အစ္စရေးလေတပ်မှ ဆီးရီးယားနိုင်ငံတွင်းရှိ အီရန်တို့၏ပစ်မှတ် ၁၀ ခုကျော်ကို ဇန်နဝါရီ ၂၁ ရက် နံနက်အစောပိုင်းတွင် စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အီရန်အထူးတပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်း သိုလှောင်ရုံများ၊ လေ့ကျင့်ရေးသင်တန်း အဆောက်အအုံများနှင့် ဆီးရီးယားတို့၏ အဓိကကျသော လေကြောင်းရန်ကာကွယ်ရေးစနစ်များကိုလည်း တိုက်ခိုက်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဆီးရီးယားလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့များက အစ္စရေးတို့ပစ်ခတ်ခဲ့သည့် ဒုံးကျည်များကို အောင်မြင်စွာ ကြားဖြတ်ဟန့်တားခဲ့ပြီး မည်သည့်ထိခိုက်ပျက်စီးမှုမျှ မရှိအောင် ကာကွယ်တားဆီးနိုင်ခဲ့ကြောင်း ဆီးရီးယားအစိုးရသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။



အခြားသော ဆီးရီးယားသတင်းဌာနနှစ်ခု၏ ထုတ်ပြန်ကြေညာချက်တွင်မူ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ဆီးရီးယားစစ်သည်များ အပါအဝင် လူ ၁၀ ဦး သေဆုံးသည်ဟု ဖော်ပြခဲ့သည်။

အစ္စရေး၏လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုအပေါ် ဆီးရီးယားနှင့် အီရန်တပ်ဖွဲ့များက တန်ပြန်တိုက်ခိုက်လာပါက ၎င်းတို့အကြား လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်လာမည်ကို စိုးရိမ်ပူပန်နေကြသည်။

**အေအက်ဖ်ပီ**

# အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ကူးတို့ယာဉ်နစ်မြုပ်မှုကြောင့် အနည်းဆုံး လူ ၁၆ ဦးသေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၂၁**
အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ်ရှိ မြစ်တစ်စင်းအတွင်း လူ ၂၄ ဦးသယ်ဆောင်လာသော ကူးတို့ယာဉ်နစ်မြုပ်မှုကြောင့် အနည်းဆုံးလူ ၁၆ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

ကာဝါဒေသတွင် ပျောက်ဆုံးနေသော ကူးတို့ယာဉ်နှင့် ခရီးသည်များ၏ သဲလွန်စကိုရရှိရန် အိန္ဒိယရေတပ်နှင့် အိန္ဒိယကမ်းခြေစောင့်တပ်တို့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း နယူးဒေလီရှိ အိန္ဒိယရေတပ်၏ တရားဝင်သတင်းအရင်းအမြစ်တစ်ခုက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ ကူးတို့ယာဉ်နစ်မြုပ်မှုနှင့်စပ်လျဉ်း၍ သေဆုံးမှုနှင့် ပျောက်ဆုံးမှုအပါအဝင် နောက်ထပ်အသေးစိတ်အချက်အလက်များကို မရရှိသေးကြောင်းလည်း သိရသည်။

**ဆင်ဟွာ**



# ဘိုဂိုတာမြို့ ရဲသင်တန်းကျောင်းအား ကိုလံဘီယာ အီးအယ်လ်အန်အဖွဲ့ ဗုံးခွဲတိုက်ခိုက်ခဲ့ဟု ပြောကြား

**ဘိုဂိုတာ ဇန်နဝါရီ ၂၁**
အသေခံဗုံးခွဲတိုက်ခိုက်သူ အပါအဝင် လူပေါင်း ၂၁ ဦး သေဆုံးခဲ့ရသည့် ကိုလံဘီယာနိုင်ငံ မြို့တော်ဘိုဂိုတာရှိ ရဲအတတ်သင်ကျောင်းတစ်ကျောင်းအား ဗုံးခွဲတိုက်ခိုက်မှုကို ၎င်းတို့ လုပ်ဆောင်ခဲ့ကြောင်း ကိုလံဘီယာနိုင်ငံမှ လက်ဝဲဝါဒီ သူပုန်အဖွဲ့ (အီးအယ်လ်အန်)က ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားခဲ့သည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် ကိုလံဘီယာအစိုးရနှင့် အီးအယ်လ်အန် သူပုန်အဖွဲ့တို့၏ ဟာဗားနားမြို့တွင် ကျင်းပဆဲဖြစ်သည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ လမ်းချော်သွားစေခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ကိုလံဘီယာနိုင်ငံတစ်ဝန်းလုံးတွင် လူထောင်ပေါင်းများစွာတို့က ရဲသင်တန်းကျောင်းအား ကားဗုံးဖောက်ခွဲခဲ့မှုကို ဇန်နဝါရီ ၂၀ ရက်တွင် ချီတက်ဆန္ဒပြခဲ့ကြသည်။ ယင်းကားဗုံးဖောက်ခွဲမှုသည် ၂၀၀၃ ခုနှစ် နောက်ပိုင်းတွင် ဘိုဂိုတာမြို့၌ လူအသေအပျောက်အများဆုံး ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်သည်။

**အေအက်ဖ်ပီ**

# အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့၌ အိုင်အက်စ်နှင့် အီရတ်အစိုးရတပ်ဖွဲ့များတိုက်ခိုက်

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၁**
အီရတ်နိုင်ငံ အနောက်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အီရတ်အစိုးရတပ်ဖွဲ့များ၊ အမေရိကန်ဦးဆောင်သည့် ညွှန့်ပေါင်းတပ်ဖွဲ့များနှင့် အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့အကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများကြောင့် အိုင်အက်စ်စစ်သွေးကြွများ ပုန်းခိုရာနေရာ ၁၀ ခုကို ဖျက်ဆီးနိုင်ခဲ့ပြီး စစ်သွေးကြွ ငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အီရတ်အစိုးရတပ်ဖွဲ့များက မတူညီသော ဒေသများအတွင်း အိုင်အက်စ်တို့၏ ဖောက်ခွဲရေးပစ္စည်း ၇၃၀ ကို ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်းနှင့် အီရတ်နှင့် ညွှန့်ပေါင်းတပ်ဖွဲ့မှ စစ်လေယာဉ်များက အိုင်အက်စ်တို့ ပုန်းခိုရာနေရာ ၁၀ ခုနှင့် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စင်းကို ဗုံးကြဲဖျက်ဆီးခဲ့ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

နိုင်ငံမြောက်ပိုင်းရှိ နင်ဘတ်ချ်ပြည်နယ် မြို့တော်မိုဆူး၏ အနောက်ဘက်အတ်ရှာနာတောင်အနီး၌ နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေးတွင် ကင်းလှည့်တာဝန်ထမ်းဆောင်နေသည့် အီရတ်အစိုးရတပ်ဖွဲ့အား အစ္စလာမ့်စ် နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) စစ်သွေးကြွများက သီးခြားစီ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

စစ်သွေးကြွများနှင့် တိုက်ခိုက်မှုများဖြစ်ပွားသည့် အီရတ်အစိုးရတပ်ဖွဲ့များနှင့် ညွှန့်ပေါင်းတပ်ဖွဲ့များက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ ပူးပေါင်းလုပ်ဆောင်ခဲ့ရာ အိုင်အက်စ်စစ်သွေးကြွများ ပုန်းအောင်းရန်နှင့် စစ်လက်နက်များ သိုဝှက်ရန် အသုံးပြုသည့် လိုဏ်ခေါင်း သုံးခုကို ဖျက်ဆီးခဲ့ကြောင်း အီရတ်စစ်ဘက်မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်နိုင်ငံ အနောက်ပိုင်း အမ်ဘာပြည်နယ်တွင် လေကြောင်းကင်းထောက်နေသည့် လေယာဉ်တစ်စင်းကို အိုင်အက်စ်တို့က လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ယင်းအိုင်အက်စ်စစ်သွေးကြွများအား အီရတ်တပ်ဖွဲ့မှ ပြန်လည်ပစ်ခတ်ခဲ့ခြင်းကြောင့် စစ်သွေးကြွငါးဦး သေဆုံးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

၂၀၁၇ ခုနှစ် နှောင်းပိုင်းအတွင်းက အီရတ်နိုင်ငံတစ်ဝန်းလုံးတွင် အိုင်အက်စ်စစ်သွေးကြွများအား အီရတ်အစိုးရတပ်ဖွဲ့များက အပြည့်အဝ နှိမ်နင်းတိုက်ခိုက်ခဲ့အပြီး ၎င်းနိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ ထူးထူးခြားခြား တိုးတက်လာခဲ့သည်။

သို့သော်ငြားလည်း အိုင်အက်စ် စစ်သွေးကြွများက သဲကန္တာရဒေသများနှင့် မြေမျက်နှာပြင် ကြမ်းတမ်းခက်ခဲသောနေရာများ၌ ပြန်လည်စုဖွဲ့ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားများကို တိုက်ခိုက်လာခဲ့သည်။

**ဆင်ဟွာ**

## သတင်းပဒေသာ သိမှတ်ဖွယ်ရာ

### အလှူငွေပေးအပ်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပမည်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားကပ်လှူခြင်းနှင့် လုံးတော်ပြည့် ရွှေဆေးသက်န်းတော်ကပ်လှူခြင်းအတွက် အလှူတော်ငွေပေးအပ် လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်မည်

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန တို့ပူးပေါင်း၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို နေပြည်တော်ရှိ ရုံးအမှတ်(၁၄) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

### ဘက်စုံသားဖွားဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲ ကျင်းပမည်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန သားဖွားသင်တန်းကျောင်း(နေပြည်တော်)၏ ဒုတိယအကြိမ် ဘက်စုံသားဖွားဒီပလိုမာ အောင်လက်မှတ် အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

### သွေးချင်းတို့ရဲ့ပွဲတော်ဆီ အကြိုဖျော်ဖြေတင်ဆက်မည်

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ဇန်နဝါရီ ၂၅ ရက်မှ ၃၀ရက်အထိ သွေးချင်းတို့ရဲ့ ပွဲတော်ဆီသို့ ပွဲတော်ကျင်းပသွားမည်ဖြစ်ရာ အကြိုအငြိမ့် ဖျော်ဖြေတင်ဆက်မှုများကို ဇန်နဝါရီ ၂၄ ရက် ညနေ ၅ နာရီမှ စတင်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဆေးတက္ကသိုလ်(၂) ရန်ကုန် ပျော်ပွဲရွှင်ပွဲကျင်းပမည်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ဆေးတက္ကသိုလ်(၂)ရန်ကုန် အားကစားကော်မတီက ကြီးမှူး၍ ရန်ပုံငွေ ပျော်ပွဲရွှင်ပွဲ ဈေးရောင်းပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ဖွင့်ပွဲအခမ်းအနားကို ဆေးတက္ကသိုလ် (၂) ရန်ကုန်၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### သဘာဝတရားရိပ်သာ မီဒီယာများလေ့လာမည်

သန်လျင်မြို့နယ်ရှိ သဘာဝတရားရိပ်သာ၏ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြမည်ဖြစ်၍ ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေစကွဲအနီးမှ မော်တော်ယာဉ်ဖြင့် သဘာဝတရားရိပ်သာသို့ မီဒီယာလေ့လာရေး ခရီးစဉ် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

### ပထမဆုံးအကြိမ် နိုင်ငံတကာရေဆေးပန်းချီပွဲတော် ကျင်းပမည်

မြန်မာနိုင်ငံ၏ ပထမဆုံး နိုင်ငံတကာရေဆေးပန်းချီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် စထရင်းဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံတကာ ရေဆေးပန်းချီဆရာပေါင်း ၉၀ ကျော်က ၆၃ မီတာရှိ စက္ကူရှည်ပေါ်တွင် စုပေါင်းရေဆေးပန်းချီရေးဆွဲခြင်းကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

### MPU နှစ်ပတ်လည် ကျင်းပမည်

မြန်မာ့ငွေပေးချေမှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်နေသည့် MPU (Myanmar Payment Union ) ၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် တတိယအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**

## ဘာစီလိုနာတိုက်စစ်မှူး ဒမ်ဘီလီ ဒဏ်ရာကြောင့် နှစ်ပတ်ကြာအနားယူရမည်




စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းရဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဒမ်ဘီလီဟာ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တာကြောင့် အနည်းဆုံး ရက်သတ္တနှစ်ပတ်ကြာအနားယူရမှာဖြစ်တယ်လို့ သိရပါတယ်။

ပြင်သစ်ကြယ်ပွင့်ကစားသမား ဒမ်ဘီလီဟာ တနင်္ဂနွေနေ့က လီဂါနက်စ်အသင်းကို ဘာစီလိုနာအသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ၆၉ မိနစ်ကြာ ပါဝင်ကစားခဲ့တာလည်းဖြစ်ပါတယ်။

အဲဒီလို ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တာကြောင့် ဒမ်ဘီလီအနေနဲ့ ဝမ်းနည်းကြောင်း ပြောကြားခဲ့ပြီး ဘာစီလိုနာအသင်းယှဉ်ပြိုင်ကစားမယ့် ပွဲစဉ်လေးပွဲအထိ လွဲချော်မှာလည်း ဖြစ်ပါတယ်။ ဒမ်ဘီလီဟာ ဒဏ်ရာရရှိထားတာကြောင့် ဆီဗီလာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် စပိန်ကိုပါဒယ်ရေးဖလားကွာတားဖိုင်နယ်အဆင့် ပထမအကျော့၊ ဒုတိယအကျော့ အပါအဝင် ဂျီနိုအာအသင်း၊ ဗလင်စီယာအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားမယ့် စပိန်လာလီဂါပွဲစဉ်တွေမှာလည်း လွဲချော်မယ်လို့ သိရပါတယ်။

လက်ရှိဘာစီလိုနာအသင်းမှာ ရာဖင်ဟာနဲ့ အမ်တီတီတို့ကလည်း ဒူးဒဏ်ရာအသီးသီးရရှိထားတာကြောင့် လွဲချော်နေခဲ့တာဖြစ်ပြီး လက်ရှိမှာ ဒမ်ဘီလီအပါအဝင် ကစားသမားအနည်းဆုံးသုံးဦးအထိ ဒဏ်ရာပြဿနာကြုံတွေ့နေတာဖြစ်ပါတယ်။ အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒမ်ဘီလီဟာ ဒေါ့မွန်အသင်းက ဘာစီလိုနာအသင်းကို ရောက်ရှိလာချိန်ကစလို့ ကြံ့ခိုင်မှုအပြည့်နဲ့ ပွဲထွက်ကစားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

ဒမ်ဘီလီအနေနဲ့ အခု ၂၀၁၈-၂၀၁၉ ဘောလုံးရာသီမှာ ပွဲပေါင်း ၂၇ ပွဲအထိ ပါဝင်ကစားထားရာမှာ သွင်းဂိုး ၁၃ ဂိုးသွင်းယူထားပြီး ငါးဂိုးအထိ ဖန်တီးပေးနိုင်ခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။




## မန်စီးတီးအသင်းက ဟက်ဒါဖီးလ်အသင်းကို သုံးဂိုးပြတ်နိုင်ပွဲရရှိ ယခုဘောလုံးရာသီ၏ သွင်းဂိုး ၁၀၀ ပြည့် မန်စီးတီး သွင်းယူ

မန်စီးတီးအသင်းဟာ ဟက်ဒါဖီးလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၃ မှာ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၈ မိနစ်မှာ ဒန်နီလို၊ ၅၄ မိနစ်မှာ စတာလင်နဲ့ ၅၆ မိနစ်မှာ ဆာနေးတို့က သွင်းယူပေးခဲ့ကြတာဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ကစားခဲ့ရတဲ့ ဟက်ဒါဖီးလ်အသင်းဟာ လက်ရှိအချိန်မှာ နည်းပြလက်မဲ့ဖြစ်နေတဲ့အသင်းဖြစ်ပြီး ဟက်ဒါဖီးလ်အသင်းအနေနဲ့ အခုတစ်ပတ်အတွင်းမှာ နည်းပြသစ်တစ်ဦးကို ခန့်အပ်သွားမယ်လို့ ဆိုပါတယ်။

မန်စီးတီးအသင်းကတော့ အခုနောက်ဆုံးကစားခဲ့တဲ့ လေးပွဲမှာ ၂၂ ဂိုးအထိသွင်းယူထားနိုင်ခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေကတော့ ရိုသာဟမ်ယူနိုက်တက်အသင်းနဲ့ ကစားခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ ခုနစ်ဂိုးပြတ်၊ ဘာတန်အသင်းနဲ့ ကစားခဲ့တဲ့ အီးအက်ဖ်အယ်လ်ဖလားပွဲစဉ်မှာ ကိုးဂိုးပြတ်၊ ဝုလ်ဗာဟမ်တန်အသင်းနဲ့ ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ သုံးဂိုးပြတ်နဲ့ အခု ဟက်ဒါဖီးလ်အသင်းနဲ့ ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ သုံးဂိုးပြတ်စသဖြင့် အသီးသီးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဟက်ဒါဖီးလ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်က ဦးဆောင်နေတဲ့ လီဗာပူးအသင်းနဲ့ ရမှတ်လေးမှတ်အကွာ အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ဘောလုံးလောက သတင်းတိုများ

*ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်သည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်သော်လည်း ယခုလဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကစားမည်မဟုတ်သေးကြောင်း ပြောကြားခဲ့သည်။*

**အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် မန်ယူအသင်းမှ အီတလီနောက်တန်းကစားသမား ဒါမီယန်အား အငှားစာချုပ်ဖြင့် ခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။**

*ဘင်ဖီကာအသင်းမှ အသက် ၂၁ နှစ်အောက် ပေါ်တူဂီကွင်းလယ်ကစားသမား ဖီးလစ်ဇ်အား ခေါ်ယူရန် မန်ယူအသင်းက လီဗာပူးအသင်းနှင့်အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။*

**ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့မည်ဟု သတင်းထွက်နေသည့် ကာဂလီယာယီကွင်းလယ်ကစားသမား ဘာရယ်လာသည် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။**

ကြေးမုံ

ဇန်နဝါရီ ၂၂၊ ၂၀၁၉

# ရန်ကုန်တွင် ကျင်းပမည့် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ပွဲတော်အတွက် ပြင်ဆင်မှုအပိုင်း ၈၀ ရာခိုင်နှုန်းခန့် ပြီးစီး

ရန်ကုန်    ဇန်နဝါရီ ၂၁

**မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားသွေးချင်းညီအစ်ကို၊ မောင်နှမများ၏ ရိုးရာယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုကို ထုတ်ဖော်ပြသနိုင်ရန် ရည်ရွယ်ကျင်းပသည့် “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပွဲတော်ကို ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းတွင် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ခြောက်ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်အတွက် ပြင်ဆင်မှုအပိုင်း ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။**




ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းတွင် “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” ပွဲတော်ကျင်းပရေး ကြိုတင်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။

“ပွဲတော်မှာက ဆိုင်ခန်း၊ ပြခန်းနဲ့ ဖျော်ဖြေမှုဆိုပြီး အပိုင်းသုံးပိုင်းရှိပါတယ်၊ အခုဆို အားလုံး ၈၀ ရာခိုင်နှုန်းလောက်ပြီးစီးနေပါပြီ၊ ခုကတည်းက စားသောက်ဆိုင်တန်းတွေ ဖွင့်နေပါပြီ။ တချို့ရပ်ဝေးကလာဖွင့်တဲ့ ဆိုင်တွေဆိုလည်း ဖွင့်ခွင့်ပေးထားပါတယ်။ ၂၃ ရက်မှာ အစမ်းလေ့ကျင့်မှုတွေ လုပ်မယ်။ ၂၄ ရက်ဆိုရင် အားလုံး အဆင်သင့်ဖြစ်နေပါပြီ” ဟု မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအဖွဲ့မှ အထွေထွေအတွင်းရေးမှူး မင်းဗညားစန်းက ပြောသည်။

အဆိုပါ ပွဲတော်ကို မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအဖွဲ့က ကြီးမှူးကျင်းပခြင်း ဖြစ်ပြီး တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုကို ပြသနိုင်ရန်၊ တိုင်းရင်းသားအားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန်၊ တိုင်းရင်းသား ဒေသအသီးသီးရှိ စိတ်ဝင်စားဖွယ်ကောင်းသော တောတောင်ရေမြေအလှအပ သဘာဝများကို နိုင်ငံသူ နိုင်ငံသားများသာမက နိုင်ငံခြားသားများပါ လေ့လာသိရှိနိုင်ရန်၊ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ တိုင်းရင်းသားများ၏ ဒေသထုတ်ကုန်များနှင့် ရိုးရာအဝတ်အထည်များကို နိုင်ငံအတွင်းသာမက နိုင်ငံတကာသို့ပါ ဈေးကွက်တင်ပို့ ရောင်းချနိုင်ရန်နှင့် တိုင်းရင်းသားလူငယ်များ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

“တိုင်းရင်းသားအားလုံးရဲ့ ရိုးရာယဉ်ကျေးမှုတွေကို ပြည်တွင်း၊ ပြည်ပက လာတဲ့ဧည့်သည်တွေ သိဖို့၊ တိုင်းရင်းသားတွေရဲ့ အစားအသောက်တွေကို ချစ်မြတ်နိုးဖို့၊ တိုင်းရင်းသား အချင်းချင်း တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်မိပြီး စီးပွားရေးလုပ်ငန်းတွေ အတူတကွလုပ်ဆောင်ကြဖို့နဲ့ တိုင်းရင်းသားတွေရဲ့ ထုတ်ကုန်တွေကိုလည်း ဈေးကွက်တစ်ခုအနေနဲ့ ဖော်ဆောင်ဖို့၊ ခရီးသွားလုပ်ငန်းကိုလည်း ပိုပြီးမြှင့်တင်နိုင်ဖို့ ဒီပွဲတော်ကို ကျင်းပတာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအဖွဲ့မှ အထွေထွေအတွင်းရေးမှူး မင်းဗညားစန်းက ပြောသည်။



မင်းဗညားစန်း

အဆိုပါပွဲတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုး၏ အကအလှများ၊ တိုင်းရင်းသားလူမျိုးစု တစ်စုချင်းစီ၏ ယဉ်ကျေးမှုရိုးရာဓလေ့ နေထိုင်မှု ပုံစံများနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို တစုတစည်းတည်း ဖော်ပြထားသည့်ပြခန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် မိမိတို့ကုန်ပစ္စည်းများကို တစုတဝေးတည်း၊ တစ်နေရာတည်းတွင် ပြသရောင်းချနိုင်သည့် ပြခန်းများလည်း ပါဝင်ပြသသွားမည်ဖြစ်သည်။

ကချင်တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခက်ထိန်နန်က “ဒီပွဲမှာ ကချင်မျိုးနွယ်စု ခြောက်ခုရဲ့ ယဉ်ကျေးမှုပစ္စည်းတွေပြမယ်။ ကမ္ဘာ့အရှားပါးဆုံးနဲ့ တန်ဖိုးအရှိဆုံး ကျောက်စိမ်းကလည်း ကချင်ကပဲထွက်တာ၊ နမူနာပြသထားမယ်။ ပယင်းလည်း ပြသထားမယ်၊



ဒေါက်တာခင်စောနွဲ့

ကချင်ရိုးရာ အစားအစာတွေ ပြသထားမှာဖြစ်တဲ့အပြင် ကချင်ရိုးရာ မနောအကကိုလည်း အချင်း ၃၀၀ ခန့်ရှိတဲ့ မနောရင်ပြင်မှာ ကမှာ ဖြစ်ပါတယ်။ ပွဲတော်လာရောက်တဲ့သူတွေကိုလည်း ပါဝင်ဆင်နွှဲနိုင်အောင် စီစဉ်ထားပါတယ်” ဟု ပြောသည်။

လီဆူ တိုင်းရင်းသားရိုးရာပြခန်းမှ ရန်ကုန်အဝေးသင်တက္ကသိုလ်



ဦးခက်ထိန်နန်

ပါမောက္ခ/ဌာနမှူး ဒေါက်တာ ခင်စောနွဲ့ကလည်း “လီဆူရိုးရာအစားအသောက်တွေဖြစ်တဲ့ လီဆူဆန်ကောထမင်းဝိုင်း၊ လီဆူခေါင်ရည်စတဲ့ ရိုးရာအစားအစာတွေအပြင်၊ တူရိယာပစ္စည်းတွေပါမယ်၊ တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာတဲ့ ရိုးရာဝတ်စုံတွေပါမယ်။ တောလိုက်ရင်သုံးတဲ့ လက်နက်တွေကအစ ပြသထားမှာ



ဒေါ်နန်းညွန့်မေ

ပါ” ဟု ပြောသည်။

ထို့ပြင် ပွဲတော်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖြစ်သည့် တအာင်း(ပလောင်)၊ ကိုးကန့်၊ ဓနု၊ ပအိုဝ်း၊ ‘ဝ’ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းစသည့် ရိုးရာယဉ်ကျေးမှုပြခန်းများလည်း ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။

“ပြခန်းမှာ ပအိုဝ်းရိုးရာယဉ်ကျေးမှုတွေ၊ အသုံးအဆောင်တွေ၊ ပအိုဝ်းစာပေ၊ ရှေးဟောင်းစာပေ၊ လယ်ယာသုံးပစ္စည်းတွေပြထားမယ်၊ ဒီလိုမျိုး တိုင်းရင်းသားပေါင်းစုံ ပြသနိုင်တဲ့ပွဲ၊ ခုလိုမျိုး ထူးထူးခြားခြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေနဲ့ ပြသခွင့်ရှိတဲ့ပွဲဆိုတာ ပထမဆုံးအကြိမ်ပါ။ ဒါကြောင့် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားတွေအားလုံး ဒီလိုပွဲမျိုးကို လာရောက်စေချင်ပါတယ်” ဟု ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြခန်းမှ ဒေါ်နန်းညွန့်မေက ပြောသည်။

ပွဲတော်တွင် လူမျိုးဘာသာမရွေး စားသောက်နိုင်သည့် စားသောက်ဆိုင်များ၊ တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချမည့် ညဈေးတန်းများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်သည့် မီးအလှပြင်ဆင်ထားရှိမှုများ၊ ကလေးကစားကွင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# လေးပါးကျော့ရှိန် ဝရဇိန် ရုပ်ရှင်ဇာတ်ကား ဇန်နဝါရီ ၂၅ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

အားမာန် ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာ သားညီ ရိုက်ကူးသည့် “လေးပါးကျော့ရှိန်ဝရဇိန်” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇန်နဝါရီ ၂၅ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

ဒါရိုက်တာ သားညီက “ဒီဇာတ်ကားလေးရဲ့နာမည်ကတော့ ထုတ်လုပ်သူက ပေးထားတဲ့နာမည်ပါ။ အဓိကအားဖြင့် မေတ္တာတရားကို အခြေခံပြီးရိုက်ကူးထားတာပါ။ မေတ္တာတရားသည်သာ အကောင်းဆုံးလက်နက်တစ်ခုဆိုတာကို ပုံဖော်ရိုက်ကူးထားတာဖြစ်ပါတယ်။ ဒီကားရိုက်ဖို့အတွက် အများကြီးကြိုတင်ပြင်ဆင်ခဲ့ရပါတယ်။ တော်တော်ခက်ခက်ခဲခဲသွားခဲ့ရပါတယ်။ ဂေါ်ရင်ဂျီကျွန်းရောက်တဲ့အချိန်မှာ မြင်လိုက်ရတဲ့မြင်ကွင်းက တော်တော်လှပါတယ်။ ဒီဇာတ်ကားကို သဘာဝ အလင်းရောင်တွေနဲ့ ရိုက်ခဲ့တာပါ” ဟုပြောသည်။

အဆိုပါဇာတ်ကားတွင် မင်းမော်ကွန်း၊ ထွန်းထွန်း၊ နေမင်း၊ မင်းသွေး၊ စည်ဖြိုး၊ ပိုင်ဖြိုးသု၊ ရွှေသမီး၊ သံသာမိုးသိမ့်၊ သားညီ၊ ညီညီမင်းထက်၊ ဦးဝင်းမြိုင်၊ ဘိုဘို၊ သူဇာပွင့်တို့နှင့်အတူ အနုပညာရှင်များစွာပါဝင်ထားကာ ဘဝအခြေအနေ အဆင့်အတန်း လူမှုပတ်ဝန်းကျင် ရပ်တည်ချက်နှင့်အတူ ဆန့်ကျင်ကွဲပြားခြားနားသည့် လူတန်းစားနှစ်ရပ်၏ ငွေကြေးလိုအပ်ချက်များအပေါ် မတူညီသည့် ဘဝအမြင်များကို နားလည်စေရန် တင်ပြလိုခြင်း၊ လက်ရှိလူမှုဘဝတွင် ငွေ၏ ဩဇာခံသဖွယ် ရပ်တည်ရှင်သန်နေရပုံကို ထင်ရှားပြသလိုခြင်း၊ လောဘကြီးသည့် လောကအမြင်နှင့် လောဘကင်းသည့် လောကအမြင်တို့၏ အပူအအေးတို့အား ဇာတ်ကောင်စရိုက်တို့ဖြင့် နှိုင်းယှဉ်ပြသလိုခြင်း၊ ပေါ့ပါးသော လူငယ်စရိုက်ဖြင့် ပင်လယ်ပြင်၏ ရှုခင်းရသများကိုပေါ်လွင်စေရန် တင်ဆက်ပြသခြင်း၊ အတွေးရသပါသည့် ဟာသဘဝ အမြင်အချို့ကို ပရိသတ်အား ခံစားအတွေးပွားစေလိုခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ပုံဖော်ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သည်။



စီစဉ်ထုတ်လုပ်သူ ကိုနိုင်ဆွေ




သားညီ



မင်းမော်ကွန်း




စည်ဖြိုး

သရုပ်ဆောင် မင်းမော်ကွန်းက “ဒီဇာတ်ကားထဲမှာ အရက်သမားတစ်ယောက်အနေနဲ့ သရုပ်ဆောင်တာပါ။ မေတ္တာတရားကို ပုံဖော်ရိုက်ကူးထားတဲ့ကားဖြစ်တာကြောင့် ရိုက်ကူးရေးအပိုင်းမှာ ကြိုတင်ပြင်ဆင်မှုအနေနဲ့ အကြိမ်ကြိမ် ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုတွေ လုပ်ခဲ့ရပါတယ်။ ဂေါ်ရင်ဂျီကျွန်းရဲ့ ရိုက်ကွင်းကို ခက်ခက်ခဲခဲသွားခဲ့ရတယ်။ အားလုံးပင်ပန်းကြပါတယ်။ အကုန်လုံး တက်ညီလက်ညီနဲ့ ကြိုးစားထားတဲ့ ကားလေးပါ” ဟု ပြောသည်။ စီစဉ်ထုတ်လုပ်သူ ကိုနိုင်ဆွေက “ဒီကားကိုလာကြည့်တဲ့ ပရိသတ်တွေကိုလည်း ဂေါ်ရင်ဂျီကျွန်းခရီးစဉ်ကို ကံစမ်းမဲ ဖောက်ပေးသွားမှာပါ” ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် ပွဲစားတစ်ဦးအနေဖြင့် ပါဝင်သရုပ်ဆောင်ထားကြောင်း၊ ဇာတ်လမ်းနှင့် လိုက်လျောညီထွေမှုရှိစေရန် အဝတ်အစားပိုင်းကို ကြိုတင်ပြင်ဆင်ခဲ့ရကြောင်း၊ ပါဝင်သရုပ်ဆောင်ရသည့် ဇာတ်ရုပ်အရ အသားအရေပိုင်းကို သဘာဝနည်းဖြင့်ရရှိစေရန် ကြိုတင်ပြင်ဆင်ခဲ့ရကြောင်း သရုပ်ဆောင် စည်ဖြိုးက ပြောသည်။

ရည်ရွယ်ချက်၊ စိတ်ဓာတ်နှင့် စရိုက်မတူညီသော သူငယ်ချင်းလေးဦးတို့ ကျွန်းတစ်ကျွန်းတွင် အတူတကွနေထိုင်ကြရာမှ အစပြု၍ ကျွန်းပေါ်သို့ ရောက်ရှိလာကြသော လူစိမ်းများ၏ ပြဿနာများနှင့်အတူ မေတ္တာတရား၊ လောဘ၊ ဒေါသ၊ မောဟများအကြောင်းကို ပေါ်လွင်အောင် ပုံဖော်ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဖော်**

# မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ မီးကြွင်းမီးကျန်မီးမှတစ်ဆင့် နေအိမ်မီးလောင်မှုဖြစ်

**မြိတ် ဇန်နဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ ချမ်းမြေ့သာရီရပ်ကွက်၌ ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၅၀ မိနစ်ခန့်က နေအိမ်မီးကြွင်းမီးကျန်မီးမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း နယ်မြေမီးသတ်စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ကျွဲကူးကျေးရွာ ချမ်းမြေ့သာရီရပ်ကွက်နေထိုင်သူ ဦးသန့်ဇင်ဦး အသက်(၃၂)နှစ်၏ အခန်းရှိ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိ ဝါးထရံသို့ ကူးစက်ရာမှ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ကျွဲကူးနယ်မြေမီးသတ်စခန်းမှ သန္ဓေတပ်ဖွဲ့ဝင် ခုနစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀နှင့် ဒေသခံပြည်သူများ ပူးပေါင်းငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုကြောင့် ခနိမိုး၊ ထရံကာ၊ ပျဉ်ခင်း သုံးခန်းတွဲ တစ်ထပ်၊ လူနေတန်းလျား နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဦးသန့်ဇင်ဦးအား ကျွဲကူးနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ကျေးရွာအုပ်ချုပ်ရေးမှူးအား ဓားဖြင့်ထိုးပြီး ထွက်ပြေးသူအား နာရီပိုင်းအတွင်း ဖမ်းမိ

**ချောင်းဆုံ ဇန်နဝါရီ ၂၁**

ကျေးရွာအုပ်ချုပ်ရေးမှူးအား ဓားဖြင့်ထိုး ထွက်ပြေးသူအား ရဲတပ်ဖွဲ့ဝင်များက နာရီပိုင်းအတွင်း ဖမ်းဆီးရမိသည့်ဖြစ်စဉ်တစ်ခု ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာတွင် ဇန်နဝါရီ ၁၉ ရက် ည ၁၀ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာ အထကအနီး ဘောလုံးကွင်းဘေး၌ လူတစ်ဦး ဓားကိုင်လာသည်ကို ကျေးရွာအုပ်ချုပ်ရေးမှူးက သွားရောက်တားမြစ်ရာ ဓားဖြင့် ပြန်လည်ထိုးသဖြင့် အုပ်ချုပ်ရေးမှူး ဦးမွန်တွင် လည်ပင်းပြတ်ရှဒဏ်ရာ တစ်ချက်၊ ကျောကုန်း ထိုးသွင်းဒဏ်ရာ တစ်ချက် ရရှိခဲ့သည်။ ပြစ်မှုကျူးလွန်သူအား ဝိုင်းဝန်းဖမ်းဆီးစဉ် ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ကညော်ရဲကင်းစခန်းမှူး ဒုရဲအုပ်မျိုးကိုနှင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီခွဲခန့်က မော်လမြိုင်မြို့မုပွန်ရပ်ကွက်အတွင်းရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း ၎င်းကိုင်ဆောင်သော အရိုး အသွား ၁၃ လက်မခန့်ရှိ ဓားမြှောင်တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ လင်းစိုး(ခ) လင်းထက်(ခ)အဖု ရပ်ကွက် (၁၁) မုဒွန်းရွာ ချောင်းဆုံမြို့နေသူအား ချောင်းဆုံမြို့မ ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဖြိုး**



# လားရှိုး၊ မြစ်ကြီးနား၊ မိုးညှင်း၊ လောက်ကိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက လားရှိုးမြို့ နားမခေါ်ကားကြီးဝင်းအတွင်း၌ လှိုင်မင်းထွန်းအားရှာဖွေရာ ကာလတန်ဖိုးငွေကျပ် သိန်း ၈၆၀၀ ကျော်ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၀၀၀၀၊ ငွေကျပ် ကိုးသိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်ရှိ ကော်ဖီဆိုင်ရှေ့တွင် အောင်သန်း မောင်းနှင်လာသော Mark II ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ကာလတန်ဖိုးငွေကျပ် ၂၆၉၅ ဒသမ ၆၉ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၁ ဒသမ ၇၉၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေး ၄၁၉၆၃ ပြားတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၃ နာရီက မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် ဆယ်မိုင်ကျေးရွာ အနီးရှိ တွမ်ရီဆောက်၏ ယာခင်းတဲကိုရှာဖွေရာ ကျော်သိန်း(ခ) အားဖူနှင့် ရဲလင်းအောင်(ခ)စွမ်ဖိတ်ရွှေတို့ နှစ်ဦးအားတွေ့ရှိရပြီး ဘိန်းဖြူ ၁ ဒသမ ၁၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၁၃၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီက မူးယစ် တပ်ဖွဲ့စု ၂၁ ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့အဝင် ကြံခင်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ခရီးသည် ဟွယ်ကျင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# အလောင်းတော်ကဿပမှ ပြန်ဆင်းလာသော မှန်လုံယာဉ် လမ်းဘေးသစ်ပင်ဝင်တိုက်

**မုံရွာ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အလောင်းတော်ကဿပမှ ဘုရားဖူးပြန်လာသော ခရီးသည်များပါသည့် မှန်လုံယာဉ်တစ်စီးသည် ဇန်နဝါရီ ၂၀ ရက်က အရှိန်မထိမ်းနိုင်ဘဲလမ်း ဘေးသစ်ပင်ကိုဝင်တိုက်မိရာခရီးသည်များ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

"ရေဦးမြို့နေ စိုးလင်းထွန်းမောင်းတဲ့ မှန်လုံကားပါ။ ဘရိတ်ပေါက်ပြီး လမ်းဘေးသစ်ပင်ဝင်တိုက်မိတာပါ။ ခရီးသည်တွေရတဲ့ ဒဏ်ရာတွေက စိုးရိမ်ရတဲ့အနေအထားတော့မဟုတ်ဘူးလို့ သိရတယ်။ ဒဏ်ရာရတဲ့ ခရီးသည်တွေကို မုံရွာဆေးရုံကြီးကို ပို့ထားပါတယ်" ဟု ကနီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းက ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိုးလင်းထွန်းအား ကနီမြို့မရဲစခန်းက ဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဆိုင်ကယ်ခိုးယူသူ ဖမ်းဆီးရမိ

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၀ ရက် မွန်းတည့် ၁၂ နာရီ၌ နယ်မြေအတွင်း ခိုး/ဆိုး/ လု/နှိုက် သတင်းစုံစမ်းနေစဉ် မသင်္ကာဖွယ်ရာတစ်ဦးအား တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ ဆိုင်ကယ်ခိုးယူမှု ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များသည် ၃၅ × ၃၆ လမ်းကြား၊ ၈၈ လမ်း၊ ညောင်ကုန်းရပ် မဟာအောင်မြေမြို့နယ်နေသူ လင်းအောင်(ခ)ကြိမ်ရှိအား CZI-125 ဖြူ/ပြာရောင်ဆိုင်ကယ်တစ်စီးကို စက်နှိုးသော့မပါဘဲ တွန်းလာသဖြင့် စစ်ဆေးမေးမြန်းရာ ဆိုင်ကယ်နှင့်ပတ်သက်၍ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်း မရှိသည့်အပြင် ဆိုင်ကယ်အား ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် ၇၈ လမ်း၊ ၃၅× ၃၆ လမ်းကြား တိုက်ခန်းရှေ့မှ ခိုးယူလာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် လင်းအောင်(ခ)ကြိမ်ရှိအား မဟာအောင်မြေမြို့နယ် အမှတ်(၉)မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**


# VICTORIA UNIVERSITY COLLEGE

ENJOY LEARNING ● ENJOY SUCCESS

ISO 9001: 2015 CERTIFIED

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၉ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။



အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူများအတွက်
(၃)နှစ်အတွင်း BTEC HND နှင့် အင်္ဂလန်အစိုးရပိုင် တက္ကသိုလ်မှ

- BA (Hons) Business Management
- BE (Hons) Electronics & Communications Engineering
- BE (Hons) Mechatronics
- BE (Hons) Civil Engineering
- BSc (Hons) Computer Science
- BSc (Hons) Public Health

ဒီဂရီဘွဲ့ ရရှိမည့် အခွင့်အရေး

ရန်ကုန် နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်မည့် ၂၀၁၉ခုနှစ် ဇန်နဝါရီ တန်းခွဲသစ်အတွက် သင်တန်းသားများ စတင်လက်ခံပြီ။

ကျောင်းသားရေးရာဌာန –
ရန်ကုန် – အမှတ် (၁၆၆)၊ MMB Tower၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း ၀၁–၃၈၃၁၃၂၊ ၃၈၃၁၃၃
မန္တလေး – အမှတ် (၁၅၁)၊ ၂၈လမ်း၊ ၇၆ နှင့် ၇၇ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ ဖုန်း ၀၂၄၀ – ၃၁၁၅၄၊ ၃၉၆၃၃

# ပြာသိုလပြည့်နေ့ အာနန္ဒာဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဘုရားစေတီပုထိုးများတွင် လာရောက်ဖူးမြော်သူများဖြင့်စည်ကား

**ညောင်ဦး ဇန်နဝါရီ ၂၁**
အာနန္ဒာဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရားပုထိုးစေတီများ၌ ပြာသိုလပြည့်နေ့တွင် ပြည်တွင်းပြည်ပခရီးသွား ဘုရားဖူးဧည့်သည်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိကြောင်း အာနန္ဒာဘုရားကြီးဂေါပကဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

အာနန္ဒာဘုရားပွဲကို ပြာသိုလပြည့်နေ့တိုင်း သရပါတံခါးတွင် နှစ်စဉ်နှစ်တိုင်းကြိတ်ကြိတ်တိုးစည်ကားခဲ့ကြောင်း၊ ပုဂံဒေသရှိ သမိုင်းဝင်စေတီပုထိုးများဖြစ်သည့် ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ အလိုတော်ပြည့်ဘုရား၊ သဗ္ဗညုစေတီတော်၊ မဟာငှက်ပစ်တောင်စေတီတော်၊ လောကနန္ဒာစွယ်တော်မြတ်စေတီတော်၊ ထီးလိုမင်းလိုဘုရား၊ ဓမ္မရံကြီးပုထိုးတော်၊ ဓမ္မရာဇက၊ ရှင်အဇ္ဇဂေါဏ၊ ကန်တော့ပလ္လင်၊ မဟာဗောဓိဘုရားကြီး၊ မနူဟာဘုရား၊ ဗူးဘုရားနှင့် ဇေယျဝတီမြစ်တစ်ဖက်ကမ်း တန့်ကြည်တောင်စွယ်တော်မြတ်စေတီများသို့ ဘုရားဖူးများ စည်ကားလျက်ရှိကြောင်း သိရသည်။

အာနန္ဒာဘုရားပွဲသို့ လာရောက်သည့် ကျေးရွာများမှ ပြည်သူများသည် ယဉ်ကျေးမှုရိုးရာမပျက် ပေါင်းမိုးလှည်းများဖြင့် လာရောက်ကြသည်ကိုလည်းတွေ့ရသည်။ ပုဂံ-ညောင်ဦးဒေသတွင် ပေါင်းမိုးလှည်းများဖြင့် လာရောက်သည့် ရိုးရာဓလေ့အစဉ်အလာများ အာနန္ဒာဘုရားပွဲတစ်ခုသာ ကျန်တော့ကြောင်း၊ လာရောက်သည့် ပေါင်းမိုးလှည်းအစီး ၇၀ ကျော်ရှိကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို) အမျိုးသားကျန်းမာရေးကွန်ရက်မှ ကျောက်ကြီးမြို့နယ်၌ (အခမဲ့) ဆေးကုသပေး

**ကျောက်ကြီး ဇန်နဝါရီ ၂၁**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ရှိ မြို့တွင်းဘုန်းတော်ကြီးကျောင်း မိုးကုတ်ဓမ္မရိပ်သာ ဓမ္မာရုံ၌ ဇန်နဝါရီ ၂၀ ရက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်



(ဗဟို)အမျိုးသားကျန်းမာရေးကွန်ရက် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျောက်ကြီးမြို့နယ်အတွင်း (အခမဲ့) ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသပေးခဲ့သည်။

ကျောက်ကြီးမြို့နယ်အတွင်းမှ နာမကျန်းဖြစ်သူလူနာ ၇၀၀ ကျော်ခန့်ကို ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သော ပါရဂူဆရာဝန်ကြီးများအပါအဝင် ဆရာဝန် ဆရာမ ၄၅ ဦးတို့က လိုအပ်သောဆေးဝါးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီလိုကုသပေးခဲ့တာဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကို လှည့်လည်ကုသပေးတာ နေရာပေါင်း ၈၀ ကျော်ကုသပေးခဲ့ပြီ၊ အများဆုံးတွေ့ရတဲ့ရောဂါတွေကတော့ ဆီးချို၊ သွေးချိုနဲ့ သွေးတိုးရောဂါတွေကို အများဆုံးတွေ့ရတယ်" ဟု အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးတာဝန်ယူထားသည့် ဒေါက်တာဦးစောဝင်းက ပြောသည်။

**ကိုသားကြီး(ကျောက်ကြီး)**

## တိုတိုထွာထွာဖတ်စရာ

### ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရှေးဟောင်းသမိုင်းဝင်ဘုရားတစ်ဆူဖြစ်တော်မူသော မဟာသကျအတုလမာရ်အောင် ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရား ၁၁၈ နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ငါးထပ်ကြီးဘုရားရင်ပြင်တော်၌ ကျင်းပခဲ့သည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**

### ပရိယတ္တိစာမေးပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**သီပေါ**
ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်လုံးဆိုင်ရာ (၁၆) ကြိမ်မြောက် ပရိယတ္တိစာမေးပွဲနှင့် စာပြန်ပွဲကို ဇန်နဝါရီ ၁၁ ရက်မှ ၁၉ ရက်ထိ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

သံဃာတော်များနှင့် ရှင်သာမဏေအပါး ၅၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်း၊ အထွေထွေဒါနဝတ္ထုများလောင်းလှူကြပြီး စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **စိုင်း (သီပေါ)**



မင်္ဂလာတောင်ညွန့်မြို့နယ် ပညာရေးမိသားစု၏ ပညာရေးစုံညီပွဲတော်ကိုဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၃) ၌ကျင်းပရာ ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများ က ဆုပေးအပ်ချီးမြှင့်စဉ်။
ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)






ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူး စုံညီပွဲတော်ကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက မိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပစဉ်။ ဆိုင်ဖြူ(မူဆယ်)

## မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ကျောက်ပန်းတောင်းမြို့ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်သည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးဦးအောင်နိုင်ဦးတို့နှင့်အတူ ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခွဲက ကျောက်ပန်းတောင်းမြို့နယ်သို့ ရောက်ရှိကြပြီး မြို့နယ်တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိတို့နှင့် တွေ့ဆုံသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခက မြို့နယ်အတွင်း ဘဏ္ဍာနှစ်အလိုက် အခွန်ကောက်ခံရရှိမှုနှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ကျောက်ပန်းတောင်းမြို့ အရှေ့မြို့ပတ်လမ်းနှင့် ပွဲစားတန်းလမ်းဆက်သွယ်သည့် လမ်းအရှည် ပေ ၁၇၅၀၊ အကျယ် ၁၂ ပေရှိ အမာခံကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် ဆည်ပေါက်ကျေးရွာရှိ စက်ရေတွင်းများမှ အသစ်တူးဖော်ဆောင်ရွက်ထားရှိသည့် ရှစ်လက်မ စက်ရေတွင်း အခြေအနေနှင့် မြို့ပေါ်သို့ ရေပို့လွှတ်သည့် ရေစက်ရုံအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ပြည်မြို့တွင် လူထုစုပေါင်းစက်ဘီးစီးပွဲနှင့် အသက် ၁၆ နှစ်အောက် စက်ဘီးစီးပြိုင်ပွဲကျင်းပ

**ပြည် ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ပထမဦးဆုံးအကြိမ် လူထုစက်ဘီးစီးပွဲနှင့် အသက် ၁၆ နှစ်အောက် လူသစ်တန်း စက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်မြို့ အထက(၁) အနီး ကျောက်တိုင်ကွင်းမှ စတင်တာထွက်ခဲ့ပြီး လူထုစက်ဘီးစီးပွဲတွင် စက်ဘီး ၅၀၀ ကျော်နှင့် လူငယ်လူသစ်တန်း၌ စက်ဘီးစီးရေ ၂၀၀ ကျော်ပါဝင်ကာ Sri Ksetra Cycling Club က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူထုစက်ဘီးစီးပွဲတွင် အမျိုးသား၊ အမျိုးသမီး အသက်ကြီးငယ်မရွေး ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး လျှပ်စစ်၊ ဘက်ထရီစက်ဘီးများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စတင်တာထွက်သည့် ကျောက်တိုင်ကွင်းမှ လမ်းမတော်၊ ဗိုလ်ချုပ်လမ်းအတိုင်း အသွား၊ အပြန် ၁၅ ကီလိုမီတာ ၉ မိုင်ကျော်အကွာအဝေးအား စီးနင်း၍ မူလတာထွက်ရာ ကျောက်တိုင်ကွင်းအတွင်း ပြန်လည်ပန်းဝင်ကြခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆုရရှိသူများအား စက်ဘီးတစ်စီး၊ စမတ်ဖုန်းတစ်လုံး၊ စက်ဘီးစီး ဦးထုပ်တစ်လုံးနှင့် ဖုန်းဆင်းကတ်များကို ချီးမြှင့်ပြီး ခရီးစဉ်စဆုံးစီးနင်းသူများအတွက် အမှတ်တရ တီရှပ်အင်္ကျီများကိုလည်းကောင်း၊ စက်ဘီးရှစ်စီးနှင့်အခြားသော အမှတ်တရပစ္စည်းများကို ကံစမ်းမဲဖောက်ပေးသွားသည့်အပြင် Mytel ကုမ္ပဏီမှ အသက်အကြီးဆုံး စက်ဘီးစီးနင်းသူနှင့် အသက်အငယ်ဆုံးစက်ဘီးစီးနင်းသူတို့ကို Mobil Phone တစ်လုံးစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

### တိုတိုထွာထွာဖတ်စရာ

#### မြတ်ပါရမီလူမှုကူညီရေးအသင်းဆိုင်းဘုတ်ဖွင့်

**နေပြည်တော်**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် မြတ်ပါရမီလူမှုကူညီရေးအသင်းဆိုင်းဘုတ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ဦးအေးလွင်၊ သတ္တုတွင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်နှင့် မြတ်ပါရမီလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **မင်းမင်းလတ်**

#### မော်လမြိုင်ကျွန်း၌ ယာဉ်၊ လမ်းစည်းကမ်းဆိုင်းဘုတ်စိုက်ထူ

**မော်လမြိုင်ကျွန်း**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ သွားလာနိုင်ရေးအတွက် ရဲမှူးမျိုးမြင့်အောင်၊ အတွင်းရေးမှူး ဦးကျော်မောင်နှင့်အဖွဲ့ဝင်များ၊ အဖွဲ့အစည်းပေါင်းစုံမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာအဖွဲ့ဝင်များနှင့် မြို့မရပ်ကွက်ပြည်သူများက ဇန်နဝါရီ ၂၀ ရက် နံနက် ၁၁ နာရီတွင် မဟာဗန္ဓုလ ၁၁ လမ်းထိပ်ထောင့်၌ မြေစိုက်ပိုစတာအား စုပေါင်းစိုက်ထူခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **မော်ကျွန်း-မြင့်အောင်**

Times City

Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများ ငှါးရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဂါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ ငှါးရမ်းလိုသော မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီအထိ Information Centre အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့် သိရှိလိုသည့်အချက်များ၊ ငှါးရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Soft opening on 01 May 2019

ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။

ဖုန်းနံပါတ်များ -09-765800800 , 09-764800800 , 09-5045777

Website - http://www.timescity.com.mm

Facebook - Times City Yangon - Myanmar

Email - timescityproject@gmail.com

# ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ. . .

မောင်မောင်ကျော်

"ကျွန်မတို့နိုင်ငံ လွတ်လပ်ရေးရပြီး လျှောက်ခဲ့တဲ့လမ်းဟာ ဖြောင့်ဖြောင့်တော့မဟုတ်ခဲ့ပါဘူး။ ပြောင်းလဲရေးဆိုတာ အကောင်းဘက် ပြောင်းလဲတာရှိသလို အဆိုးဘက်ပြောင်းလဲတာလည်း ရှိနိုင်ပါတယ်။ ကျွန်မတို့ နိုင်ငံဟာ အစတုန်းမှာတော့ ဒီမိုကရေစီစံနှုန်းတွေနဲ့ စခဲ့သော်လည်း လမ်းလွဲခဲ့တာတွေလည်း ရှိပါတယ်။ ဒါတွေကို ပြန်လည်တည့်မတ်ဖို့ ကျွန်မတို့ဟာ ဒီမိုကရေစီအရေးတော်ပုံနည်းလမ်းကို လျှောက်ခဲ့တယ်။ အကြမ်းမဖက်တဲ့နည်း၊ ငြိမ်းချမ်းတဲ့နည်း၊ ဝါဒဖြူစင်တဲ့နည်းလို့ ပြောလို့ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ယုံကြည်ချက်အရ ကျွန်မတို့ရဲ့ လွတ်လပ်ရေးဖခင်ကြီးများ၊ လွတ်လပ်ရေးအတွက် စတေးခဲ့ကြတဲ့ သာမန်ပြည်သူပြည်သားတွေရဲ့ မျှော်မှန်းချက်တွေနဲ့ ကိုက်ညီအောင် ဖြူစင်တဲ့ဝါဒနဲ့ တရားမျှတတဲ့ လွတ်လပ်မှုရအောင်၊ တရားမျှတတဲ့ ဒီမိုကရေစီစနစ်တစ်ခု ထူထောင်နိုင်အောင် ကြိုးပမ်းခဲ့တာပါ။"

၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပခဲ့သော မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် အမှာစကားကို ပြန်လည်မှတ်သားမိသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးသည်မှစ၍ တိုင်းပြည်မငြိမ်းချမ်းသေးသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ မငြိမ်းချမ်းသည့်ကြားမှ ခေတ်အဆက်ဆက် တိုင်းပြည်ကို အမျိုးမျိုးအဖုံဖုံ ပြောင်းလဲဆောင်ရွက်ခဲ့ကြသော်လည်း အကောင်းထက် အဆိုးဘက်ကပိုလာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် တရားမျှတပြီး ဝါဒဖြူစင်သည့် ဒီမိုကရေစီစနစ်ကို ထူထောင်နိုင်အောင် ကြိုးပမ်းတည်ဆောက်နေကြသည်။

## နိုင်ငံတော်သီချင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိသောအခါ နိုင်ငံတော်၏ အနာဂတ်ကို မည်သို့မည်ပုံ ဆက်လက်လျှောက်လှမ်းမည်ဟူသည့် နိုင်ငံ့ခေါင်းဆောင်များ၏ မျှော်မှန်းချက်ကို လွတ်လပ်ရေးအတွက် ရည်ညွှန်းစပ်ဆိုခဲ့သည့် "နိုင်ငံတော်သီချင်း" တွင် ရှင်းရှင်းလင်းလင်း ဖွင့်ဆိုထားသည်။ ဤအချက်ကိုရည်ညွှန်း၍ မျက်မှောက်ကာလ နိုင်ငံတည်ဆောက်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းလင်းပြောပြခဲ့သည်။ နိုင်ငံတော်သီချင်း၏ ဆိုလိုရင်းအဓိပ္ပာယ်အနှစ်ချုပ်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်းဟူသည့် အချက်သုံးချက်သာဖြစ်သည်။ ယင်းအချက်သုံးချက်ကို ဖော်ဆောင်နိုင်ရန်အတွက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်နေသည်ကို ရှုမြင်ရမည်ဖြစ်သည်။

နိုင်ငံတော်သီချင်း၏ အနက်အဓိပ္ပာယ်သည် လေးနက်တည်ကြည်ပေသည်။ ဆိုလိုရင်းကို တိုတိုရှင်းရှင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား နိုင်ငံသူ၊ နိုင်ငံသားများက မည်သို့မည်ပုံဆောက်တည်ကြမည်ကို ညွှန်းဆိုပြထားသည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလတွင် ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးများ၊ ဘိုးဘွားများက ပြည်ထောင်စုကြီးကို မည်သို့မည်ပုံ မျှော်မှန်းထားသည်၊ မည်သို့ထိန်းသိမ်းစောင့်ရှောက်ကြရမည်ကို နိုင်ငံတော်သီချင်းတွင် ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။ နိုင်ငံတော်သီချင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံးနှင့်သက်ဆိုင်သည့်၊ လက်ကိုင်ထားရမည့်၊ စွဲမြဲစွာ အဓိဋ္ဌာန်ပြုရမည့် အမျိုးသားသီချင်းဖြစ်သည်။




## တရားမျှတမှုဖြင့် စတင်

နိုင်ငံတော်သီချင်းဖွဲ့ဆိုထားမှုကို သေချာစွာစေ့ငုကြည့်ပါက ပြည်ထောင်စုအသွင်ကို ရှင်းလင်းစွာ မြင်တွေ့နိုင်သည်။ ထိုသီချင်းသည် ပြည်ထောင်စုအတွက် ညွှန်းဆိုရေးဖွဲ့ထားသည့်အတိုင်း လွတ်လပ်သော နိုင်ငံတော်ကို ဖော်ကျူးရာ၌ တရားမျှတမှုနှင့်စတင်ထားသည်ကို တွေ့ရသည်။ တရားမျှတ လွတ်လပ်ခြင်းနှင့်မသွေဟုဆိုရာ၌ မသွေဟူသည် သွေဖည်ခြင်းမပြုသည်ကို ဆိုလိုပြီး လွတ်လပ်မှုကို ရယူရာ၌ တရားမျှတမှုမှ မသွေဖည်ခြင်းဟု မှတ်ယူနိုင်သည်။ ထိုခေတ်ထိုကာလက စာပေအနုပညာရှင်များသည် ပြည်ထောင်စုတစ်ခုလုံးကို လွှမ်းခြုံကာ ညွှန်းဆိုအသိပေးခဲ့သည်။

တရားမျှတမှုသည် အရေးကြီးသော ဦးစားပေးအချက်ဖြစ်သည်။ တရားမျှတမှုမရှိဟု ယူဆပါက မယုံကြည်မှု၊ မကျေနပ်မှုများ ဖြစ်ပေါ်နိုင်သည်။ အမှန်တကယ်တွင် တရားမျှတမှုမရှိခြင်းသည် အနိုင်ကျင့်ဗိုလ်ကျခြင်းတစ်မျိုးဖြစ်ပြီး လွတ်လပ်သောနိုင်ငံသားတို့၏ လူ့အခွင့်အရေးများ ဆုံးရှုံးနိုင်သည်။ တရားမျှတခြင်းဖြင့် လူ့ဘောင်လောက ငြိမ်းချမ်းသာယာခြင်းကို တည်ဆောက်နိုင်သည်။ ထို့ကြောင့် တရားမျှတလွတ်လပ်ခြင်းကို မသွေဖည်အောင် အားထုတ်ကြရသည်။

## လူခပ်သိမ်းငြိမ်းချမ်းရေး

"များလူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်" လွတ်လပ်သည့်နိုင်ငံတွင် ငြိမ်းချမ်းရေးသည် အလွန်အရေးကြီးသည်။ ငြိမ်းချမ်းမှသာ ပြည်သူအများ လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း နေထိုင်နိုင်မည်ဖြစ်သည်။ ထိုသို့ငြိမ်းချမ်းစေရန်အတွက် နိုင်ငံသူ၊ နိုင်ငံသားများ အခွင့်အရေးများကို သာတူညီမျှရကြဖို့လိုအပ်သည်။ အခွင့်အရေးများ သာတူညီမျှ မရကြပါက တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မကျေမနပ်ဖြစ်ကြကာ ရန်လိုရန်ဖက်ဖြစ်ကြပြီး နောက်ဆုံးတွင် သတ်ကြဖြတ်ကြနှင့်ပျက်စီးခြင်း အဖြစ်သို့ ရောက်ကြရသည်ကို မြင်တွေ့နိုင်မည်။

"ဝါဒဖြူစင်တဲ့ပြည်" နိုင်ငံတစ်နိုင်ငံအနေဖြင့်ဖြစ်စေ၊ လူတစ်ဦးချင်းအနေဖြင့်ဖြစ်စေ ဖြူစင်သည့် သဘောထား၊ ဖြူစင်သည့် စိတ်ထား၊ ဖြူစင်သည့် ဝါဒရှိဖို့ လိုအပ်ပါသည်။ သို့မှသာ ထိုနိုင်ငံ၊ ထိုလူမျိုးသည် ဂုဏ်သိက္ခာရှိသောနိုင်ငံ၊ ဂုဏ်သိက္ခာရှိသောလူမျိုးဖြစ်ပေလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အပေါ်တွင် မေတ္တာတရားထားကာ အပြုသဘောဖြင့် ချဉ်းကပ်ဆောင်ရွက်ခြင်း နည်းလမ်းဖြစ်စေသည်။ တစ်နည်းဆိုလျှင် အကြမ်းမဖက်သောနည်း၊ ငြိမ်းချမ်းသောနည်းဖြစ်သည်။ ယင်းနည်းသည် ဖြူစင်သည့်ဝါဒနည်းပင် ဖြစ်သည်။

## ဒီမိုကရေစီစနစ်

ပြည်ထောင်စုအတွက် အသက်သွေးချွေးနှင့်ဘဝများပါ စတေးပေးဆပ်ခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၊ အမျိုးသားခေါင်းဆောင်များ၊ သာမန်ပြည်သူများ မျှော်မှန်းခဲ့ကြသည့် ပြည်ထောင်စုနှင့်ကိုက်ညီအောင်၊ ဖြူစင်သည့်ဝါဒနှင့် တရားမျှတမှုရှိသည့် နိုင်ငံဖြစ်အောင် အခွင့်အရေးညီမျှသည့် ဒီမိုကရေစီစနစ် ထူထောင်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုသို့ထူထောင်ရာတွင် မတူကွဲပြားသော စနစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းရသည့်အတွက် ခက်ခဲကြမ်းတမ်းသည်။ အန္တရာယ်များသည်။ စွန့်လွှတ်စွန့်စားရသည်။ ဒီမိုကရေစီဟုဆိုသည်နှင့် အခွင့်အရေးနှင့်တာဝန်များပါလာသည်။ အခွင့်အရေးသာယူလိုပြီး တာဝန်မယူလိုပါက ဒီမိုကရေစီနှင့်ထိုက်တန်မည်မဟုတ်ချေ။

ဒီမိုကရေစီဆိုသည်မှာ အများပြည်သူအကျိုးစီးပွားဖြစ်ထွန်းရေး၊ လူအများ ကောင်းစားရေးဖြစ်သည်။ တစ်နည်းဆိုလျှင် (ပရ) အများအကျိုးကို ဦးစားပေးရသည်။ လူဆိုသည်မှာ (အတ္တ)ကိုယ်ကျိုးကို ရှေ့တန်းတင်သူများ ဖြစ်သည်။ အများအကျိုးကို ဦးစားပေးရမည်ဆိုသော်လည်း ကိုယ်ကျိုးစီးပွားကို လက်လွှတ်လိုခြင်း မရှိချေ။ ဤတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၌ ပွတ်တိုက်မှုများ၊ စိန်ခေါ်မှုများ၊ ပဋိပက္ခများရှိလာသည်။ ယင်းတို့ကို အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာအဖြေရှာကြရသည်။ ဤသည်မှာ ဒီမိုကရေစီဖြစ်သည်။

## အသွင်ကူးပြောင်းရေး

အသွင်ကူးပြောင်းရေး၊ ပြုပြင်ပြောင်းလဲရေးဆိုသည်မှာ အပြောလွယ်သလောက် အလုပ်ခက်လှသည်။ စိန်ခေါ်မှုများ၊ တိုက်ခိုက်မှုများကို ကြုံတွေ့ကြရသည်။ အသွင်မတူသူများနှင့် ပေါင်းစပ်လုပ်ကိုင်ရသည်။ မတူကွဲပြားမှုများကို နားလည်မှုပေး၍ အများအကျိုးအတွက် ဆောင်ရွက်ရသည်။ လွတ်လပ်ရေးရပြီးသည်နှင့် နိုင်ငံထူထောင်ရေး၊ အသွင်ကူးပြောင်းရေးကို တက်ညီလက်ညီ လုပ်ကိုင်ကြမည်ဆိုလျှင် ယနေ့အချိန်အခါတွင် ပြည်ထောင်စု၏ အသီးအပွင့်များကို မြိန်ရေရှက်ရေ ခံစားနေလောက်ပြီ။ သို့သော် အချိန်လင့်မှသာ လုပ်နည်းကိုင်နည်းများ၊ မိမိတို့၏ အတွေးအခေါ် အယူအဆများကို ပြောင်းလဲနိုင်အောင် ကြိုးစားနေရသည်။

အချို့လည်း ပြောင်းလဲမှုတွင် လိုက်ပါလိုသူများရှိသည်။ အချို့လည်း နဂိုရည်မပျက်ဘဲ နေမြဲနေကြသူများလည်း ရှိသည်။ အချို့လည်း ဘေးတိုက်လိုက်သူများရှိသည်။ အချို့လည်း ကန့်လန့်တိုက်သူများရှိသည်။ ရန်လိုမုန်းဖက်ပြုလုပ်ကြသူများရှိသည်။ အချို့ နောက်မြီးဆွဲသူများလည်း ရှိသည်။ ဤသို့ ဤပုံ ဖြစ်နေကြသည်ကို စဉ်းစားကြည့်လျှင် ပြည်ထောင်စုအတွက် အသွင်ကူးပြောင်းရေးကို မည်သို့မြန်မြန်ဆန်ဆန် လုပ်ကိုင်နိုင်ပါမည်နည်း။ ဤအရာများအားလုံးကို ပေါင်းထုပ်ပယ်သတ်၍ လိုရာခရီးသို့ရောက်အောင် ပြုပြင်ပြောင်းလဲရေးလုပ်ကိုင်ရသည်မှာ လွယ်ကူလှသည်မဟုတ်ချေ။

## ပန်းတိုင်သို့ ရှေးရှု

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်းတွင် နိုင်ငံအများသည် အသွင်ကူးပြောင်းရေးကို တိုးတက်အောင် လုပ်ဆောင်နိုင်ကြသည်။ မိမိတို့နိုင်ငံအနေဖြင့် မညီညွတ်မှုဖြင့် သူတစ်ပါးနောက်တွင် များစွာကျန်နေရစ်သည်။ ထို့ကြောင့် ယနေ့ကာလတွင် ပြည်ထောင်စုသားအားလုံး မလျှော့သော ဇွဲလုံ့လဖြင့် ညီညီညွတ်ညွတ်ပြုပြင်ပြောင်းလဲကြမည်။ နိုင်ငံတော်သီချင်းတွင် ညွှန်းဆိုထားသည့်အတိုင်း တရားမျှတသည့် လွတ်လပ်သော နိုင်ငံတည်ဆောက်ကြမည်။ ပြည်ထောင်စုတိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းစေဖို့ အခွင့်အရေးညီမျှသည့် ဝါဒဖြူစင်ရေးကို ကြိုးပမ်းကြမည်။ ဘိုးဘွားအမွေအနှစ်ဖြစ်သော ပြည်ထောင်စုကြီး အမြဲတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်သို့ ရှေးရှုတက်လှမ်းကြမည်။

သို့ဖြစ်၍ အမျိုးသားခေါင်းဆောင်ကြီးများ၊ မိမိတို့ဘိုးဘွားများ အမွေပေးခဲ့သည့် ပြည်ထောင်စုကြီး အမြဲတည်တံ့စေဖို့ ထိန်းသိမ်းကြပါစို့။ ပြည်ထောင်စုကြီး မပြိုကွဲအောင် အသက်ပေးလို့ ကာကွယ်ကြပါစို့။ ဤမြေသည် ငါတို့မြေ၊ ဤတိုင်းပြည်သည် ငါတို့တိုင်းပြည်။ ဒို့ပြည်၊ ဒို့မြေ အကျိုးကို ညီညာစွာဖြင့် ငါတို့တစ်တွေသည် သယ်ပိုးထမ်းဆောင်ကြပါစို့ဟု ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအားလုံး အဓိဋ္ဌာန်ပြုကြပါစို့။ ။

> "မတူကွဲပြားသော စနစ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းရသည့်အတွက် ခက်ခဲကြမ်းတမ်းသည်။ အန္တရာယ်များသည်။ စွန့်လွှတ်စွန့်စားရသည်။ ဒီမိုကရေစီဟုဆိုသည်နှင့် အခွင့်အရေးနှင့် တာဝန်များ ပါလာသည်။ အခွင့်အရေးသာယူလိုပြီး တာဝန်မယူလိုပါက ဒီမိုကရေစီနှင့် ထိုက်တန်မည်မဟုတ်ချေ။
>
> ဒီမိုကရေစီအသွင်ကူးပြောင်းရေး၌ ပွတ်တိုက်မှုများ၊ စိန်ခေါ်မှုများ၊ ပဋိပက္ခများ ရှိလာသည်။ ယင်းတို့ကို အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာ အဖြေရှာကြရသည်။ ဤသည် ဒီမိုကရေစီဖြစ်သည်။"



နေပြည်တော်ရှိ Hilton Hotel ၌ ဇန်နဝါရီ ၂၀ ရက် ည ၆ နာရီက အိမ်ထောင်သည် အမျိုးသမီးများ၏ Miss Planet Myanmar 2019 & Mrs Eurasia Myanmar 2019 (Nay Pyi Taw) ပြိုင်ပွဲကို ကျင်းပရာ အဆိုပါပြိုင်ပွဲတွင် အိမ်ထောင်သည် အမျိုးသမီး Miss ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်စဉ်။ ကိုကိုရှူပ

# ဖျာပုံမြို့ ကျုံကူတူးမြောင်းကျေးရွာ ကျောင်းစာကြည့်တိုက် ပထမနှစ်ပတ်လည် အထိမ်းအမှတ် ဂုဏ်ပြုဆုများချီးမြှင့်



**ဖျာပုံ ဇန်နဝါရီ ၂၁**

ဖျာပုံမြို့နယ် ကျုံကူတူးမြောင်းကျေးရွာရှိ အမှတ်(၈၈) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ကျောင်းစာကြည့်တိုက် ပထမနှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီ ၂၁ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းစာကြည့်တိုက် ရှေ့ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ် ပညာရေးမှူး ဦးမိုးလွင်က အခြေခံပညာရေးနှင့် ကျောင်းစာကြည့်တိုက်များ၏ အခြေအနေများနှင့် ကျောင်းစာကြည့်တိုက် ကော်မတီနာယက ဦးအုန်းဟန်က ကျောင်းစာကြည့်တိုက် ဖွင့်လှစ်ထားရှိမှု အခြေအနေများအားလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်၌ တစ်နှစ်တာအတွင်း အတန်းစဉ်အလိုက် စာဖတ်အား အကောင်းဆုံး ဆုရရှိသော ကျောင်းသား ကျောင်းသူငါးဦး၊ ပြင်ပဒေသခံများထဲမှ စာဖတ်အား အကောင်းဆုံးဆုရရှိသူသုံးဦးနှင့် စာကြည့်တိုက် လုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် Volunteer အဖြစ် ဆောင်ရွက်ပေးသော အမှတ်(၈၈)ကျုံကူတူးမြောင်းကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းသန်းအေးနှင့် ဆရာမရှစ်ဦးတို့အား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**




ဟောလိဝုဒ်ရဲ့ အထင်ကရ အနုပညာထူးချွန်ဆုပေးပွဲကြီးဖြစ်တဲ့ အော်စကာဆုပေးပွဲကိုတော့ လာမယ့်လအတွင်း ကျင်းပသွားမှာဖြစ်ပြီး ယခုနှစ်ရဲ့ ဆုပေးပွဲမှာတော့ အစီအစဉ်တင်ဆက်သူမပါဝင်ဘဲ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီလို အစီအစဉ်တင်ဆက်သူမပါဝင်ဘဲ ဆုပေးပွဲကျင်းပခြင်းဟာ ပြီးခဲ့တဲ့ နှစ် ၃၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်တယ်လို့လည်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းက လာမယ့် အော်စကာဆုပေးပွဲမှာ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်သွားမယ်လို့ ထုတ်ဖော်ပြောကြားခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့် ကယ်လ်ဗင်ဟာ့ထ်ဟာ မကြာသေးမီက သူ့ရဲ့ အော်စကာဆုပေးပွဲမှာ တင်ဆက်သူအဖြစ်ပါဝင်သွားမယ့် အိပ်မက်တွေပြီးဆုံးခဲ့ရပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် ဒီနှစ်ရဲ့ အကယ်ဒမီဆုပေးပွဲကို တင်ဆက်သူမပါဝင်ဘဲ ပြုလုပ်သွားမှာဖြစ်ကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပါတယ်။ စီစဉ်တင်ဆက်သူ ရှာဖွေမရတာကြောင့် ဒီနှစ်ဆုပေးပွဲကိုတော့ တင်ဆက်သူမပါဝင်ဘဲ ပြုလုပ်ဖို့ရာ ပြင်ဆင်နေတာဖြစ်တယ်လို့ သိရပါတယ်။

ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး တာဝန်ရှိသူတွေကတော့ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိပေမယ့် လာမယ့် (၉၁)ကြိမ်မြောက် အော်စကာဆုပေးပွဲမှာတော့ အစီအစဉ်တင်ဆက်သူမပါဝင်ဘဲ ပြုလုပ်သွားဖို့ရာ ပြင်ဆင်နေကြောင်း သတင်းရင်းမြစ်တွေရဲ့ ထုတ်ဖော်ပြောကြားချက်အရ သိရပါတယ်။

ယခင်က အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုခဲ့ပြီးဖြစ်တဲ့ ဟာသသရုပ်ဆောင် ကယ်လ်ဗင်ဟာ့ထ်ကလည်း မကြာသေးမီကမှ သူ့အနေနဲ့ အော်စကာဆုပေးပွဲမှာ ပါဝင်ဆောင်ရွက်သွားမှာမဟုတ်ကြောင်း ပြောကြားလာပါတယ်။ မင်းသားက သူ့အနေနဲ့ ဒီလို ပါဝင်နိုင်ခြင်းမရှိတာဟာ ဆုပေးပွဲအစီအစဉ်တွေအတွက် ပြင်ဆင်မှုတွေပြုလုပ်ဖို့ရာ မအားလပ်တာကြောင့်ဖြစ်တယ်လို့ ပြောကြားခဲ့ကြောင်း သိရပါတယ်။

ဒါပေမယ့် တစ်ဖက်မှာလည်း အေဘီစီနယူးစ်ရဲ့ ဖော်ပြချက်တွေအရ ကယ်လ်ဗင်ဟာ့ထ်ဟာ ပြီးခဲ့တဲ့ ၂၀၁၀ နဲ့ ၂၀၁၁ ခုနှစ်တွေအတွင်း သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့မှုတွေနဲ့ပတ်သက်ပြီး ငြင်းခုံမှုတွေ ဆက်လက်မပြုလုပ်လိုတော့ကြောင်းလည်း သိရပါတယ်။ ကယ်လ်ဗင်ဟာ့ထ်ဟာ လူမှုကွန်ရက်မီဒီယာပေါ်မှာ ဆန့်ကျင်ဘက်လိင်စိတ်ရှိသူတွေနဲ့ပတ်သက်ပြီး ဝေဖန်ရေးသားဖော်ပြမှုတွေရှိခဲ့တာကြောင့် ပရိသတ်အချို့နဲ့ အငြင်းပွားမှုတွေ ရှိခဲ့ပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ကယ်လ်ဗင်ဟာ့ထ်က ဆက်လက်ငြင်းဆိုတော့မှာ မဟုတ်ကြောင်းလည်း သိရပါတယ်။ သူ့ရဲ့ ဖော်ပြခဲ့မှုတွေအတွက် ကယ်လ်ဗင်ဟာ့ထ်က ပြန်လည်ရှင်းလင်းခဲ့ကာ တောင်းပန်ခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

အေဘီစီရုပ်သံလိုင်းနဲ့ပြုလုပ်ခဲ့တဲ့ "Good Morning America" အစီအစဉ်ရဲ့ အင်တာဗျူးမှာ ကယ်လ်ဗင်ဟာ့ထ်က အော်စကာဆုပေးပွဲအကြောင်းအရာတွေနဲ့ သူ့ကို ဝေဖန်တိုက်ခိုက်စရာဖြစ်စေခဲ့တဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့မှုတွေနဲ့ပတ်သက်ပြီး မေးမြန်းခဲ့တဲ့မေးခွန်းတွေမှာ ဒါတွေဟာ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အော်စကာဆုပေးပွဲရဲ့ သမိုင်းတစ်လျှောက်မှာတော့ ယခုလို အစီအစဉ်တင်ဆက်သူမပါဘဲ ဆုပေးပွဲ ကျင်းပခဲ့တဲ့ ၁၉၈၉ ခုနှစ်က နောက်ဆုံးဖြစ်တယ်လို့ သိရပါတယ်။ ယခုနှစ်အတွက် အော်စကာဆုပေးပွဲကိုတော့ လာမယ့် ဖေဖော်ဝါရီ ၂၄ ရက်မှာ ပြုလုပ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# CLC ရဲ့ မီနီတေးအယ်လ်ဘမ်သစ် ဓာတ်ပုံများ ထုတ်ဖော်ပြသ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "CLC" ဟာ အဖွဲ့ရဲ့ ရှစ်ခုမြောက် မီနီတေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ လတ်တလောမှာတော့ အဆိုပါတေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံတွေကို ထုတ်ဖော်ပြသလာတာတွေ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေမှာတော့ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ အလှဓာတ်ပုံတွေသာမက အုပ်စုလိုက်ဓာတ်ပုံတွေပါ ပါဝင်နေတာ တွေ့ရပါတယ်။ ဒီဓာတ်ပုံတွေမှာတော့ ယခင်ကပုံတွေနဲ့မတူဘဲ တစ်မူထူးခြားနေတာကြောင့် ပရိသတ်တွေက အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပိုမိုစိတ်လှုပ်ရှားခဲ့ရကြောင်းလည်း သိရပါတယ်။

"CLC" ရဲ့ ရှစ်ခုမြောက် မီနီတေးအယ်လ်ဘမ်ကိုတော့ "No.1" လို့ အမည်ပေးထားပြီး လာမယ့် ဇန်နဝါရီ ၃၀ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။ ဒီ မီနီတေးအယ်လ်ဘမ်သစ်ဟာ ပြီးခဲ့တဲ့တစ်နှစ်ခန့်အတွင်း ပထမဆုံးထုတ်လွှင့်နိုင်ခဲ့တဲ့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်လည်း ဖြစ်ပါတယ်။ "CLC" ဟာ မကြာမီ ထုတ်လွှင့်တော့မယ့် "No.1" မတိုင်မီ တစ်နှစ်ခန့်က "Black Dress" ကို နောက်ဆုံးထုတ်လွှင့်ခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

# ဘရက်ပစ်နဲ့ ချာလစ်သရွန်တို့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ထွက်ပေါ်




ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဘရက်ပစ်ဟာ လတ်တလောမှာတော့ ချစ်သူသစ်ရခဲ့ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ ဘရက်ပစ်နဲ့ လက်တွဲနေတဲ့သူဟာ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်သူ ချာလစ်သရွန်ဖြစ်ကြောင်း မေးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၅၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘရက်ပစ်နဲ့ ၄၃ နှစ်အရွယ် ချာလစ်သရွန်တို့ဟာ ချစ်သူတွေဖြစ်နေကြကြောင်းနဲ့ သူတို့နှစ်ဦးကို စတင်မိတ်ဆက်ပေးခဲ့သူကတော့ ချာလစ်သရွန်ရဲ့ချစ်သူဟောင်း ဆင်းပန်ဖြစ်တယ်လို့လည်း သိရပါတယ်။

ဘရက်ပစ်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က သူနဲ့ ဆယ်စုနှစ်တစ်ခုကျော်ကြာ လက်တွဲလာခဲ့တဲ့ အော်စကာဆုရှင် မင်းသမီး အန်ဂျလီနာဂျိုလီနဲ့ လမ်းခွဲခဲ့ပါတယ်။ သူတို့နှစ်ဦးရဲ့ အပြီးတိုင်ကွာရှင်းပြတ်စဲမှုတွေအပြီးမှာတော့ ချစ်သူသစ်ရနေပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ဖူးပါတယ်။ ဒီတစ်ကြိမ်မှာတော့ ဘရက်ပစ်ဟာ ဟောလိဝုဒ်ရဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ချာလစ်သရွန်နဲ့ သတင်းတွေ ထွက်လာခဲ့တာကြောင့် မကြာမီမှာ ဟောလိဝုဒ်ရဲ့ ထိပ်တန်းကြယ်ပွင့်စုံတွဲတစ်တွဲ ထပ်မံပေါ်ထွက်လာဦးမလားဆိုတာကိုတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ဘရက်ပစ်နဲ့ ချာလစ်သရွန်တို့ဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ဘားဆိုင်တစ်ဆိုင်မှာ အတူရှိခဲ့တာဖြစ်ကြောင်း သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားကာ သယ်ဆန်းက ဦးစွာဖော်ပြခဲ့တာ ဖြစ်ပါတယ်။

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ရဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်



**မိတ္ထီလာ ဇန်နဝါရီ ၂၁**
၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် လျှုဒါန်းဆက်ကပ်ခဲ့သည့် ဆရာတော်ကြီးနှစ်ပါးနှင့် အစိုးရမှာစရိယ၊ ပထမပြန်၊ နိကာယ်ငါးရပ်စာမေးပွဲများတွင် ဖြေဆိုအောင်မြင်သည့် သံဃာတော်၊ သီလရှင် စုစုပေါင်း ၃၉၁ ပါးတို့အား စာအောင်လက်မှတ်များ ဆက်ကပ်လျှုဒါန်းသည့် စူဠဘွဲ့နှင်းသဘင်ကို ဇန်နဝါရီ ၂၀ ရက် ညနေ ၃ နာရီက မိတ္ထီလာမြို့ အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပြီး မိတ္ထီလာမြို့ သာသနာ့ဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကောဝိဒ၊ မလှိုင်မြို့ ရှစ်မျက်နှာပရိယတ္တိစာသင်တိုက်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဥ္စနနှင့် စာအောင်သံဃာတော်၊ သီလရှင် စုစုပေါင်း ၃၉၁ ပါးတို့အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များ၊ စာအောင်လက်မှတ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အောင်မင်္ဂလာခန်းမအနီးရှိ ထီးသုံးဆင့်၊ ရွှေမြင်မိ၊ လေးမျက်နှာဘုရားပရိဝုဏ်ကွင်းပြင်တွင် ဘုရားအမှူးပြုသော သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများကို တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက လောင်းလှူကြကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်အခြေခံသင်တန်း ပထမဆုံးအကြိမ်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၁**
မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ပထမဆုံးအကြိမ်ပြုလုပ်သော အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အခြေခံသင်တန်း (IP Fundamental Course)ကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အသင်းရုံး၌ ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ပို့ချသည်။

အဆိုပါ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အခြေခံသင်တန်း ဖွင့်လှစ်ပို့ချရခြင်းမှာ မြန်မာနိုင်ငံတွင်ကျင့်သုံးမည့် မူပိုင်ခွင့်ဥပဒေများနှင့် စပ်လျဉ်းသော အတတ်ပညာရှင်၊ အသိပညာရှင်များ ပေါ်ထွက်လာစေရန်အတွက်လည်းကောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းပြီးဆုံး၍ လုပ်ငန်းခွင်ဝင်ရောက်ပါက လုပ်ခလစာများ ကောင်းမွန်လာမည်ဖြစ်ပြီး ကိုယ်ပိုင်လုပ်ငန်းများ တည်ထောင်မည်ဆိုပါက နိုင်ငံတကာနှင့်ဆက်ဆံ၍ ရသော ဝင်ငွေများရရှိမည့်ဥပဒေအကျိုးဆောင်ကုမ္ပဏီများ ဖြစ်ပေါ်လာစေရန်အတွက်လည်းကောင်း၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အတတ်ပညာကို ကျယ်ပြန့်စေရန်နှင့် နိုင်ငံကိုကာကွယ်နိုင်သည့် ဥပဒေပညာရှင်များဖြစ်ပေါ်လာစေရန်အတွက်လည်းကောင်း သင်တန်းအားဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ပြောသည်။

"မူပိုင်ခွင့်ဥပဒေဟာ လုပ်ငန်းရှင်များအတွက်သာ ကာကွယ်ဖို့လို့ တချို့ကထင်နေကြတာပါ။ အမှန်တကယ်တော့ ဒီဥပဒေထွက်ပေါ်လာပြီဆိုရင် ကုန်ပစ္စည်းအတုအပတွေဟာ ပပျောက်သွားမှာဖြစ်ပြီး ပြည်သူတွေအနေနဲ့ အရည်အသွေးပြည့်မီတဲ့ ပစ္စည်းများကို ဝယ်ယူသုံးစွဲခွင့်ရကြမှာပါ။ ဒီဥပဒေက နိုင်ငံအကျိုးစီးပွားတိုးတက်စေဖို့နဲ့ ပြည်သူတွေအတွက် ကာကွယ်ပေးတဲ့ ဥပဒေပဲဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ရှင်းပြသည်။

ယခုစတင်ဖွင့်လှစ်ပို့ချနေသည့် သင်တန်း၌ IP ဥပဒေအခြေခံလေးခုဖြစ်သော ကုန်အမှတ်တံဆိပ်၊ စက်မှုဒီဇိုင်း၊ Patent နှင့် Copyright ဥပဒေများကို နိုင်ငံတကာအတွေ့အကြုံရှိ ကျွမ်းကျင်သင်တန်းနည်းပြရှစ်ဦးတို့က သင်တန်းသားများအတွက် အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် လေးပတ်ဆက်တိုက် ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်း၌ သင်တန်းသား သင်တန်းသူ ၂၂ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းအား စဉ်ဆက်မပြတ် ဆက်လက်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ သိရသည်။

**ပွင့်သစ္စာ**

# ရေကြည်တွင် စာပေစကားဝိုင်းကျင်းပ

**ရေကြည် ဇန်နဝါရီ ၂၁**
ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဗထူးရပ်ကွက် မင်္ဂလာအောင်သိဒ္ဓိကျောင်းတိုက်တွင် ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက မြတ်ပညာဒါနဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော စာဖတ်ခြင်းယဉ်ကျေးမှုထွန်းကားပြန့်ပွားရေး စာပေစကားဝိုင်း ကျင်းပသည်။

စာရေးဆရာ ကောင်းစံသာ(ရေကြည်)က "ဘဝအတွက်အကြံပြုချက်များ" ခေါင်းစဉ်ဖြင့်ဟောပြောပြီး စာရေးဆရာ သိန်းဇော်(ရွှေလီဦး)၊ ကဗျာ ဆရာချစ်ဒေါင်းဆွေ၊ စာရေးဆရာ ကောင်းစံသာ (ရေကြည်)၊ ကိုအောင်မြင့်မြတ်၊ ဒေါ်ယုယုအေး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်အောင်၊ ကျောင်းသူ မထက်ထက်မြတ်နိုးအောင်နှင့် စာပေဝါသနာရှင် ဒေါ်ညွန့်လှိုင်တို့က ဆွေးနွေးခဲ့ကြသည်။

**သိန်းဇော် (ရွှေလီဦး)**



လေးမြိုင်ဓမ္မပူဇာစာပေဆု၊ ထေရဝါဒဓမ္မစာမူဆုပေးပွဲနှင့် ဆရာကြီးဦးလေးမြိုင်၏ အတ္ထုပ္ပတ္တိစာအုပ် "စာပေသတ္တိဖြင့်ရှင်သန်သူ" မိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဝရှိ ဇမ္ဗူသီရိပိမာန်တော်၌ ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်ကျော်ဦး**

# နေပြည်တော်တွင် ပြည်သူ့လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၁**
နေပြည်တော် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (စုပေါင်းရုံး) တွင် ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးထိန်ဝင်းက အိမ်ထောင်စုစာရင်းကွင်းဆင်းစစ်ဆေးဆောင်ရွက်မည့်ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးဦးစီးမှူး ဦးကိုကိုနိုင်က ပျဉ်းမနားမြို့နယ်အတွင်း ၂၀၁၈ ခုနှစ် တစ်နှစ်တာကာလတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၈၈၄ ဦး ထုတ်ပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်ရှစ်မြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းအား ဖေဖော်ဝါရီနှင့် မတ်လတို့တွင် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ မွေးတိုးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူ့လက်ဝယ်အရောက် အပ်နှံပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ



### နေပြည်တော်တွင် စာအောင်ဆုနှင်းပွဲကျင်းပ

**နေပြည်တော်**
ဓမ္မဗျူဟာသာသနမာမကအဖွဲ့(နေပြည်တော်) ၏ ဒသမအကြိမ် စာအောင်ဆုနှင်းပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အမှတ်(၅) အထကတွင် ကျင်းပသည်။

အဘိဓမ္မာ၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ်သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူ ၁၇ ဦး၊ စာဖြေဌာနထူးချွန်ဆုရရှိသူ ၂၆ ဦးတို့ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်းနှင့် ယခုနှစ် အဘိဓမ္မာ၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် စာအောင်ပုဂ္ဂိုလ် ၂၆၄ ဦးခန့်ရှိကြောင်း သိရသည်။

**ကိုကိုရူပ (နေပြည်တော်)**

### တန့်ယန်း၌ အားကစားကွင်းပွဲကြည့်စင် ပန္နက်တင်

**တန့်ယန်း**
ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်ပြည်ထောင်စုအားကစားကွင်း၏ ပွဲကြည့်စင်အဆောက်အအုံသစ် စတင်ဆောက်လုပ်နိုင်ရန်အတွက် မြေသန့်မင်္ဂလာအခမ်းအနားနှင့် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်စိန်၊ မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဦးကျော်မြင့်နှင့် ရပ်မိရပ်ဖ ဦးစိုင်းကျော်နီတို့က သတ်မှတ်နေရာတို့တွင် ပန္နက်တင်ပေးကြသည်။

အဆိုပါပွဲကြည့်စင်အဆောက်အအုံသစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ RC အမျိုးအစားဖြစ်ကာ ပွဲကြည့်စင်အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် အလျား ၂၂၀၀ ပေ၊ အမြင့်ခြောက်ပေရှိ ခြံစည်းရိုးအုတ်တံတိုင်းကာရန်ခြင်းလုပ်ငန်းတို့ကို စက်တင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

### တာချီလိတ်၌ စာရေးဆရာအသင်း စာပေဟောပြော

**တာချီလိတ်**
တာချီလိတ်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်းမှု နှစ် ၂၀ ပြည့်အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက် ည ၇ နာရီက မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ ကျင်းပသည်။

စာရေးဆရာ သန်လျင်မောင်မောင်ဦးက "ရယ်စရာ မောစရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ကြူကြူသင်းက "သုတရသ စာပေအလှ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ အကြည်တော်က "လှေကလေးကိုလှော်မည်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြရာ စာပေမြတ်နိုးသည့်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **ဝေယံလင်း(ပြန်/ဆက်)**

### မြောက်ဥက္ကလာပတွင် မူခင်းအသိပညာပေးဆွေးနွေး

**ရန်ကုန်**
မြောက်ဥက္ကလာပ မြို့မရဲစခန်းမှူး ရဲအုပ်ဇော်မင်းခိုင်နှင့် တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်ဆန်း**

### ဆန္ဒမဲပေးခွင့်ရှိသူစာရင်း သုံးရက်နှင့်အပြီး ဆောင်ရွက်မည်

**ရန်ကုန်**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်တင်မြှောက်ပွဲကို မတ် ၃၁ ရက်တွင် အပြီး ကျင်းပမည်ဖြစ်သည်။

မရမ်းကုန်းမြို့နယ်အတွင်း ဆန္ဒမဲပေးခွင့်ရှိသော အသက် (၁၈) နှစ်ပြည့်ပြီးသူ လူဦးရေစာရင်းကို ဇန်နဝါရီ ၂၁၊ ၂၂၊ ၂၃ ရက် တို့တွင် အပြီးကောက်ခံသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးက ဇန်နဝါရီ ၁၅ ရက် အထက (၁)စန္ဒိမာခန်းမ၌ ပြုလုပ်သော ရွေးကောက်ပွဲသင်တန်း၌ ပြောကြားသည်။

**မျိုးမင်းသိန်း**




စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များ ရှိသည်။ ဖော်ပြထားသည့် လေယာဉ်နှုန်းများထဲတွင် အခွန်များ နှင့် အခိုတောင်းခံမှုများ ပါဝင်ပြီး ဖြစ်သည်။ ၂၀၁၉ စက်တင်ဘာ ၃၀ ရက် မတိုင်မီ ပြည့်ပ ခရီးထွက်ရန် ၂၀၁၉ ဇန်နဝါရီ ၂၈ ရက် မတိုင်မီ မှာယူခဲ့သည့် လက်မှတ်များ အတွက် ချိုသာသော စျေးနှုန်းများ ရှိမည်။




"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
**လုပ်သားပါ ညှိနှိုင်းဈေးဖြင့်**
**ဝန်ဆောင်မှုပေးသည်။**
09-73122029,09-795669534

**သိန်းသန်းဆက်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

**☆STAR☆**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330


## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ JICA ODA Loan (MY-P17) စီမံကိန်းတွင် ပါဝင်သော ပုသိမ်မြို့ ရေရရှိရေးစီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော အောက်ပါတို့အား တိုင်းရင်းသား လုပ်ငန်းရှင်များမှ တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot | အမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | lot-1 | ရေသန့်စင်ခြင်းလုပ်ငန်း (Water Treatment) | (၁)ရပ် |
| (ခ) | lot-2 | ရေဖြန့်ဝေခြင်းလုပ်ငန်း (Distribution System) | (၁)ရပ် |

၂။ တင်ဒါအဆိုပြုလွှာများကို ၂၁-၂-၂၀၁၉ရက် နံနက် (၁၀း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ Pre-Bid Meeting Session နှင့် on-site explanation အား ၄-၂-၂၀၁၉ရက် နံနက်(၁၀း၃၀)နာရီတွင် ပုသိမ်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၁၈၆၃၃၊ ၄၁၈၆၅၇) တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (9I/4394)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄/ကံဘဲ့)၊ မြေကွက်အမှတ်( $\frac{G/9}{G/A}$ )၊ ဧရိယာ (၀.၀၃၂ ဧက)အကျယ်ရှိ ဒေါက်ဂိုလေး(စ)ဒေါ်ပြီး+၁ အမည်ပေါက်သော မြေပိုင်မြေ လ/န ၃(စ)မြေကွက် (အရပ်ခေါ်) ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၂၄၀/က)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မြတ်စိုး(၁၄/မမက(နိုင်)၀၀၃၅၂၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေများ | |
|---|---|---|---|
| ဦးဝင်းအောင် | ဒေါ်မေမြတ်ချိန် | ဒေါ်ဝတ်ရည်ငွေ | ဦးရဲသီဟ |
| LL.B, D.M.L, D.B.L | LL.B, D.B.L | LL.B, LL.M | LL.B |
| (စဉ်–၈၁၅၆) | (စဉ်–၁၁၃၁၁) | (စဉ်–၃၆၉၁၇) | (စဉ်–၃၁၅၉၇) |

ရုံးချုပ် ➢ အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ ➢ 01 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ ➢ အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ ➢ 01 - 552742, 01- 559320, 09 5060940, 09 5060938,09 73500535
Email - soesanrealestate@gmail.com

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ် ဒီအိုအေဘဲလ်၊ ဝန်ကြီး(ငြိမ်း)

ကြည်း – ၇၀၈၆

အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ[ မစ္စတာအေတီအေဘယ်(လ်) + ဒေါ်ရစ်ချယ် ]တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ်(၄၄၉/QR)၊ မိုးမခလမ်းနေ ဗိုလ်မှူး ဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သီဟ-ဒေါ်ချိုချိုခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ညီအစ်ကိုမောင်နှမ (၁၂)ယောက်တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ( ၂၀. ၁. ၂၀၁၉ ) တနင်္ဂနွေနေ့ နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**စိုင်းခွန်နောင် အိမ်ခြံမြေကုမ္ပဏီမိသားစု**

---

## (၉)နှစ်ပြည့်ကုသိုလ်ပြုအမျှဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ စာသင်ကျောင်း၊ ဇရပ်၊ တန်ဆောင်းဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်ဝင်း(မိတ္ထီလာ) အသက်(၇၉) နှစ်**

**(၂၂-၁-၂၀၁၀) မှ (၂၂-၁-၂၀၁၉)**

မေမေရဲ့ ဂုဏ်ကျေးဇူးတွေကို အောက်မေ့တသရင်း နေ့စဉ်၊ လစဉ်၊ နှစ်စဉ်၊ မပျက်ပြုလုပ်တဲ့ကောင်းမှုကုသိုလ်များ၊ ဇန်နဝါရီလမှာ အထူးပြုလုပ်တဲ့ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပါတယ်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေ။

**ခင်ပွန်း- ဦးချစ်ဆွေ**

**သမီးများ- ဘေဘီ၊ တင်တင်ဝင်း၊ မော်မော်ချစ်၊ အေးအေးချစ်**

**အေးရိပ်သာ မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ် ဒီအိုအေဘယ်(လ်)၊ ဝန်ကြီး(ငြိမ်း)

ကြည်း-၇၀၈၆

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ်(၄၄၉/QR)၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ နတ်တလင်းအသင်း၏ နာယကကြီးသည် ၂၀-၁-၂၀၁၉(တနင်္ဂနွေနေ့) နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါသည်။

**နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)**

---

## ဒေါက်တာမေသူသန်း(ခ)မမာမာ

**လက်ထောက်ကထိက(သချ်ာ)**

**(၂၂-၁-၂၀၀၉-၂၂-၁-၂၀၁၉)**

- ဘယ်လောက်ကြာကြာ
- လွမ်းလျက်
- ကြေကွဲလျက်

ပြုသမျှ ကုသိုလ် သာဓုခေါ်ပါ-
သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်း တရားရှာနိုင်ပါစေ။

**ဖေ-ဦးသန်းထွန်း၊ မေ-ဒေါ်ဝင်းမြင့်**
**မမ-ရည်မွန်သန်း၊ ညီမ-ယမင်းသန်း**
**မောင်လေး-လှိုင်မင်း-သင်း**
**အရှေ့ကြို့ကုန်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ကိုဝင်းနိုင် (ခ) ဒေးဗစ် ( အသက် ၅၁နှစ်)

သူငယ်ချင်း ကိုဝင်းနိုင် (EP) သည် ၂၀၁၉ ဇန်နဝါရီလ ၁၅ရက် အင်္ဂါနေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

1984-1993 ရန်ကုန်စက်မှုတက္ကသိုလ်
ဘာသာရပ်ပေါင်းစုံမှ သူငယ်ချင်းများ

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ်အေဘဲလ်(ငြိမ်း)

## နာယက

## ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း

## အသက်(၈၄)နှစ်

ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း နာယကကြီး ဗိုလ်မှူးချုပ်အေဘဲလ်(ငြိမ်း)သည် ၂၀-၁-၂၀၁၉ ရက်၊ နံနက်(၈း၅၃) နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း**

**မန္တလေးအုပ်ချုပ်ရေးအဖွဲ့၊ ဝန်ထမ်းများနှင့်လူနာများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ် ဒီအိုအေဘယ်(လ်)၊ ဝန်ကြီး(ငြိမ်း)

## ကြည်း-၇၀၈၆

## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ်(၄၄၉/QR)၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ သား ဦးအောင်သီဟ-ဒေါ်ချိုချိုခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ညီအစ်ကို မောင်နှမ(၁၂)ယောက်တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၀-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**သား/တပည့် ဗိုလ်မှူးချုပ်ချစ်သန်း(ငြိမ်း)+ဇနီး ဒေါ်ခင်အေးမူ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်ဒီအိုအေဘယ်(လ်)၊ ဝန်ကြီး(ငြိမ်း)

ကြည်း-၇၀၈၆

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၄၄၉/QR) နေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ (ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သီဟ-ဒေါ်ချိုချိုခိုင်တို့၏ကျေးဇူးရှင် မွေးသဖခင်သည် ၂၀-၁-၂၀၁၉ ရက် နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

- အဘ ဗိုလ်ချုပ်နှင့်အတူ နှစ်ပေါင်းများစွာ သားအဖ၊
ညီအစ်ကို အရင်းအချာကဲ့သို့ အတူတကွ
လက်တွဲတာဝန်ထမ်းဆောင်ခဲ့ရသည်များကို ထာဝရ
သတိရနေသလို အဘ ဗိုလ်ချုပ်သည် ကျွန်တော်တို့မိသားစုတွင် အမြဲထာဝရ ရှင်သန်နေပါသည်။

**ဦးမောင်မောင်ရီ**

**[ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန]**

**မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ် ဒီအိုအေဘယ်(လ်)

ကုန်သွယ်ရေးဝန်ကြီး(ငြိမ်း)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁-၂၀၁၉ရက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခင်မောင်** - ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကုန်သွယ်(ဆေး)၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဖက်စပ်ကော်ပိုရေးရှင်း အမှတ်(၅၊ ၆၊ ၇)၊ ဒါရိုက်တာ(ငြိမ်း)

**ဦးတင့်ဝေအေး** - ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)(ယာဉ်/စက်) (စစ်/ကိုယ်)၊ (ဟိုတယ်/ခရီး)၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဖက်စပ်ကော်ပိုရေးရှင်း၊ အမှတ်(၂၊ ၃၊ ၅)၊ ဒါရိုက်တာ(ငြိမ်း)

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်ဒီအိုအေဘဲ(လ်)၊ ဝန်ကြီး(ငြိမ်း)

ကြည်း-၇၀၈၆

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ်(၄၄၉/QR)၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁-၂၀၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အူရီဒူးမြန်မာလီမိတက်**

**CEO နှင့်ဝန်ထမ်းများ**

---

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ် ဒီအိုအေဘဲလ် (ဝန်ကြီး၊ ငြိမ်း)**

**ကြည်း-၇၀၈၆**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ် ဒီအိုအေဘဲလ် (ဝန်ကြီး၊ ငြိမ်း)သည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၅၃ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ် ဒီအိုအေဘဲ(လ်)၊ ဝန်ကြီး(ငြိမ်း)**

**ကြည်း-၇၀၈၆**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ်(၄၄၉/QR)၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ သား ဦးအောင်သီဟ-ဒေါ်ချိုချိုခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ညီအစ်ကိုမောင်နှမ ၁၂ ယောက်တို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၅၃ နာရီ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကာဒီနယ်ချားလ်စ်ဘို၊ ဆရာတော်ဂျွန်စောယောဟန်နှင့်ရဟန်းတော်များ**
**ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ**

## အနိစ္စ

**ဒေါ်ကြည်အေး**

**အသက် (၉၅) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၃၃/က)၊ ဖိုးရာဇာလမ်းနေ (ဦးကြူးပင်း-ဒေါ်တင်စိန်)တို့၏ သမီး၊ (ဦးတင်အောင်)၏ဇနီး၊ ဦးမြင့်ဝေ-ဒေါ်ခင်လှ၊ ဦးရှုအောင်-ဒေါ်သန်းသန်းအေး၊ ဦးသိန်းထွန်းအောင်-ဒေါ်မြမြအေး၊ ဦးသန်းအောင်-ဒေါ်မြင့်မြင့်ကြည်၊ ဦးအောင်သန်း-ဒေါ်မြင့်မြင့်သိန်း၊ ဦးတင်မောင်ဝင်း-ဒေါ်တင်တင်အေး၊ ဦးဗိုလ်ဗိုလ်ထွန်း-ဒေါ်ဝင်းဝင်းအေး၊ ဦးရန်အောင်-(ဒေါ်အေးအေးသန်း)တို့၏ မွေးသမိခင်၊ မြေး ၁၉ ယောက်၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၁၅ နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၉ ရက် နံနက် ၇နာရီမှ ၉နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တ ကေသရ (ခ)ဦးကျော်**

**သိက္ခာတော်(၂၃)ဝါ၊ သက်တော်(၁၀၀)**

**(ဇနိတာရာမမိုးကုတ်ရိပ်သာ၊ စိန်ရွှေကုန်း)**

**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၅)နေ (ဒေါ်ကျင်ရွှေ)၏ ခင်ပွန်း၊ ဒေါ်ယဉ်ယဉ်ဆွေ၊ ဦးလင်းထိန်-ဒေါ်ဝင်းဝင်းငွေးတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီးသည် ၁၉-၁-၂၀၁၉ (စနေနေ့) ညနေ ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ် ဒီအိုအေဘယ်(လ်)၊ ဝန်ကြီး(ငြိမ်း)**

**ကြည်း-၇၀၈၆**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ်(၄၄၉/QR)၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ သား ဦးအောင်သီဟ-ဒေါ်ချိုချိုခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၂၀-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဆန်း ပြည်ထောင်စုဝန်ကြီး(ငြိမ်း)-ဒေါ်ကြည်ကြည်ဝင်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်အုန်း**

**အသက်(၈၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်-ဒေါ်နုနုလွင်၊ ဦးအောင်ကျော်ငြိမ် (ဦးဆောင်ညွှန်ကြားရေးမှူး၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်)-ဒေါ်သစ်သစ်ရှိန် တို့၏ မိခင် ဒေါ်တင်အုန်း အသက်(၈၃)နှစ်သည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းငွေး၊ အတွင်းရေးမှူး(ငြိမ်း)-ဒေါ်ခင်စန်းမြင့်**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဒေါ်စိန်မြ (ရမ်းဗြဲမြို့)**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇမ္ဗုလ (၁)လမ်း၊ အမှတ်(၁၀၁၉/က)နေ ဦးဘတင်-ဒေါ်မြင့်မြင့်စိန်တို့၏ အဒေါ်ဒေါ်စိန်မြသည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကျင်ရီ (ဝါဝါဝင်း စတိုး)**

**အသက် (၈၅) နှစ်**

ဝါးခယ်မမြို့နေ (ဦးအီတက်-ဒေါ်ပု)တို့၏သမီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာဉယျာဉ်၊ ရိပ်သာ(၃)လမ်း၊ အမှတ်(၁၃၁)နေ (ဦးရဲမြင့်-ဒေါ်မြရီ)၊ (ဒေါ်မြကြည်)၊ (ဒေါ်တင်ဉ)၊ ဒေါ်သန်းသန်းတို့၏ညီမ၊ ဒေါ်မြင့်မြင့်၏အစ်မ၊ ဒေါ်မြင့်မြင့်စိန်(ဝါဝါဝင်းစတိုး)၊ ဦးမောင်မောင်-ဒေါ်ခင်သန့်လွင်၊ ဒေါ်ခင်ထားမြင့်၊ ဒေါ်ဝင်းဝင်းမာ၊ ဦးစောအောင်-ဒေါ်ဆွေဆွေမြင့်၊ (ဦးဘုန်းမြင့်)-ဒေါ်တင်တင်စိန်၊ ဒေါ်သီတာမြင့်တို့၏အဒေါ်၊ ကိုပြည်စိုးအောင်-မမေခလာမျိုးဝင်း၊ ကိုအာကာဟိန်း-မအင်ကြင်းမောင်မောင်၊ မယုယုအောင်၊ ကိုဇင်မင်းမောင်မောင်-မချစ်ချစ်နိုင်၊ ကိုနိုင်မင်းဦး၊ ကိုလင်းထက်အောင်၊ (မောင်ထင်လင်းမောင်မောင်)တို့၏ အဘွားလေးသည် ၂၁-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း) D.O.Abel**

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊ ABEL & Partners LLP (Law Firm) ၏ Mentor ဖြစ်သူ ဗိုလ်မှူးချုပ်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း) D.O.Abel သည် ၂၀-၁-၂၀၁၉ ရက် နံနက် ၈း၅၃ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကျွန်ုပ်တို့၏ Law Firm အတွက်လည်း များစွာနစ်နာဆုံးရှုံးမှုဖြစ်ပါသည်။

**ABEL & Partners LLP (Law Firm)**
**ရန်ကုန်မြို့**

## ဦးကိုကိုလေး (B.Sc-Zoology)

**အသက် (၆၆) နှစ်**

**မြသိဒ္ဓိဆန်စက်၊ ဝါးခယ်မ**

**၁၉၇၅ ခုနှစ် ပုသိမ်ကောလိပ်ကောင်းမှ**

**သူငယ်ချင်း**

ကျောင်းမှာတုန်းကတော့ အတူတူ
ကိုယ့်မြို့ကိုယ့်ရွာပြန်ရောက်နေကြတော့
မကြာခဏပဲ ဆုံကြရ
အခုကြတော့ ရေခြားမြေခြားမှာ မတွေ့ရတော့
ဒါပေမယ့် အားလုံးကတော့ အမြဲသတိရနေဆဲ

**ဦးတင်ဝင်း (မြစ်ကြီးနား)**
**ဦးဂမ်အောင် (မြစ်ကြီးနား)**
**ဦးသာဇံ (စစ်တွေ)**
**ဦးညဏ်စိုးလွင်(ဟသ်ာတ)**
**ဦးသန်းငွေး (ဝါးခယ်မ)**

**ဒေါက်တာကျော်ဇော**

**M.B.B.S-Rgn၊ ဆေးတက္ကသိုလ်(၁)၊**

**ဆ/မ ၂၈၉၆**

**အသက် (၇၅) နှစ်**

မိုးကုတ်မြို့၊ အောင်နန်းရပ်နေ (ဦးလှ-ဒေါ်လှတင်)တို့၏သား၊ ရန်ကုန်မြို့နေ [ဒေါက်တာဦးတင် (ခရိုင်ဆရာဝန်-ငြိမ်း)]-ဒေါက်တာဒေါ်ခင်ရီတို့၏ သားသမက်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ ကောက်စောလမ်း၊ ခြံအမှတ် (၈၀)နေ ဒေါ်တင်မေလွင် (Barbara) (စာရင်းစစ်မှူး-ငြိမ်း၊ ဗဟိုစာရင်းရုံး)၏ချစ်လှစွာသော ကျေးဇူးရှင်ခင်ပွန်း၊ မသပြေ၊ မောင်ဘုန်းကျော်ဇောတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၉ (စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်ဘီနာ(ခ) BINA SARKAR**

**(ကျောက်ဖြူ၊ ဝါးခယ်မ)**

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၇၆၆)၊ (ဒု-ထပ်/A)နေ (DR.B.C.DAS-MRS S.K.DAS)တို့၏ သမီး၊ [ဦးဖော်နီ (ခ) F.L SARKAR]၏ဇနီး၊ ဦးဘနီ-ဒေါ်မာလာ၊ ဦးသာအောင်-ဒေါ်ညိုညို၊ ဦးဘတင်-ဒေါ်လှကြည်၊ ဒေါ်စိန်စိန်၊ ဦးကျော်အေး၊ ဦးကျော်မြင့်-ဒေါ်နီလာစောတို့၏မွေးသမိခင်၊ မြေး ၁၃ ယောက်၊ မြစ်ခြောက်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၉-၁-၂၀၁၉ (စနေနေ့) ည ၉း၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်နှင့် မေတ္တာညွန့်ရပ်ကွက်နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ် ဒီအိုအေဘယ်(လ်)၊ ဝန်ကြီး(ငြိမ်း)**

**ကြည်း-၇၀၈၆**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ်(၄၄၉/QR)၊ မိုးမခလမ်းနေ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ သား ဦးအောင်သီဟ-ဒေါ်ချိုချိုခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ညီအစ်ကိုမောင်နှမ (၁၂)ယောက်တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၅၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၄၁)၊ ခြေလျင်တပ်ရင်း**
**တပည့်/သားသမီးဟောင်းများ**

**ဦးသိန်းမြင့် (ပုပ္ပါး)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊ အမှတ် (၂၃)၊ သုဒဿနလမ်းနေ (ဦးအေးသောင်း)-ဒေါ်သန်းတင့်တို့၏ ညီ၊ (ဦးတင်ညို)-ဒေါ်ညွန့်ကြည်၊ ဦးထွေး-ဒေါ်ဝင်းတို့၏ အစ်ကို၊ ဒေါ်ငွေးငွေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်မျိုးမြင့်-မထွေးရီ၊ မောင်ထွန်းထွန်းဝင်း-မမြင့်မြင့်ချို၊ မောင်မြင့်ကျော်-မနီလာစိုး၊ မောင်အောင်ဇေယျာဟိန်း-မဇင်မာထွန်းတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးအောင်ဖာ**

**အသက်(၇၉)နှစ်**

**ချင်းပြည်နယ်လုပ်ငန်းစစ်ဉက္ကဋ္ဌ(ငြိမ်း)**

ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်နေ (ဒေါ်ကုန်ပြင်၊ မူ/အုပ်-ငြိမ်း)၏ ခင်ပွန်း၊ ဦးနီထွန်းအောင်(လယ်/အုပ်)-ဒေါ်ပြေလေး(မူ/အုပ်)၊ ဦးကိုလင်း(ဒု-မြို့နယ်ပညာရေးမှူး)-ဒေါ်ဝင်းထိုက်(လယ်/အုပ်)၊ ဦးအုပ်ဇခုပ်(တောခေါင်း၊ သစ်တော)-ဒေါ်ဝင်းလုံး(ဦးစီးမှူး၊ သ/မ)၊ ဦးအောင်စိုးမင်း(လ/ထ ကြီးကြပ်ရေးမှူး၊ တိ/ကု)-ဒေါ်ရိုက်ကီးတို့၏ ဖခင်သည် ၁၈-၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးကျော်သိန်း**

**ခိုင်စိုးစိုး မြန်မာထမင်းဆိုင်**

**အသက် (၆၇) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးခင်မောင်-ဒေါ်ကျင်မှီ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ သံသုမာလမ်း၊ အမှတ် (၁၆၄ /၁)နေ ဦးသိန်းထွေး-ဒေါ်ဝင်းသန္တာကျော်၊ ဗိုလ်မှူးမင်းကိုအောင်(ငြိမ်း) (လ/ထညွှန်ကြားရေးမှူး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံး)-ဒေါ်ယမင်းကျော်၊ ဦးရဲလင်းကျော်-ဒေါက်တာသက်စုနှင်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ခင်အေးသိန်း၊ ဒေါ်ခင်အေးကြူ၊ ဦးဇော်မိုး-ဒေါ်ခင်စန်းမော်၊ ဦးအောင်ကျင်-ဒေါ်စန်းအေးတို့၏အစ်ကိုကြီး၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်ဝင်းကြည်(ခိုင်စိုးစိုး)၏ချစ်လှစွာသောခင်ပွန်း ဦးကျော်သိန်းသည် ၂၁-၁-၂၀၁၉ ရက် ညနေ ၃း၁၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ခိုင်စိုးစိုး မြန်မာထမင်းဆိုင်နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၉ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးချုပ် ဒီအိုအေဘယ်(လ်) (ဝန်ကြီး-ငြိမ်း)**

**စီးပွား/ကူးသန်းဝန်ကြီးဌာန**

**ကြည်း-၇၀၈၆**

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့နေ [မစ္စတာအေတီအေဘယ်(လ်)-ဒေါ်ရစ်ချယ်]တို့၏ သားကြီး၊ ဗိုလ်မှူးဒေါ်ခင်သိန်းမူ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်အေဘယ်(လ်) (ဝန်ကြီး-ငြိမ်း) (စီးပွား/ကူးသန်းဝန်ကြီးဌာန)သည် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၅၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းကြည်(M.D-ငြိမ်း)၊ ဦးသောင်းစိန်(M.D-ငြိမ်း)နှင့်**
**MEIC/MEIS (မြန်မာ့ထုတ်ကုန်သွင်းကုန်လုပ်ငန်း)**
**ဝန်ထမ်းဟောင်းအရာထမ်း/အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကိုကိုလေး**

**မြသိဒ္ဓိဆန်စက်၊ ဝါးခယ်မမြို့**

**အသက် (၆၈) နှစ်**

ဝါးခယ်မမြို့နေ (ဒေါ်ကျင်လှိုင်)၏ခင်ပွန်းဖြစ်သူ ဦးကိုကိုလေး အသက်(၆၈)နှစ်သည် ၁၉-၁-၂၀၁၉ (စနေနေ့)တွင် India နိုင်ငံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ သား၊ သမီး၊ မိသားစုတို့နှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ခင်သန်းမြင့်**
**သမီး-Dr.နေခြည်ဝင်းဝါနှင့် မိသားစု**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလေးမောင်**

**အသက်(၉၁)နှစ်**

သူငယ်ချင်း LOUISA လေးမောင် (ဒဂုံ-၁)၏ ဖခင်ကြီးဖြစ်သူ ဦးလေးမောင်သည် ၁၉-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အနန္တကယ်ကောင်းရာသုဂတိသို့ရောက်ပါစေ။

**ဒဂုံ(၁) တန်းခွဲ(D)မှ ငယ်သူငယ်ချင်းများ (၁၉၇၂-၇၇)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ဥပဒေပြုရေးကဏ္ဍတွင် အဓိကတာဝန်ယူဆောင်ရွက်နေသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နှစ်သစ်တွင်အတွေးသစ်၊ အမြင်သစ်၊ စိတ်သစ်များနှင့် အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ နားလည်မှုတို့ကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံနှင့် နိုင်ငံသားများအတွက် ကောင်းမွန်သည့် အနာဂတ်ကို ဆက်လက်တည်ဆောက်ပေးနိုင်ကြရန် မျှော်လင့်ပါကြောင်း။

ဒုတိယအကြိမ် လွှတ်တော်များ၏ သက်တမ်းကာလသည် မကြာမီ သုံးနှစ်ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ အတွေ့အကြုံများ ရင့်ကျက်လာသည်နှင့်အမျှ ကျန်ရှိသည့်

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ○**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။



မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် စင်ကာပူ ယူ-၁၆ အသင်းတို့ စက်တင်ဘာလက ခြေစမ်းကစားနေစဉ်။

## မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ဩစတြေးလျနိုင်ငံ၌ ခြေစမ်းပွဲ သုံးပွဲကစားမည်

**မန္တလေး ဇန်နဝါရီ ၂၁**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဩစတြေးလျနိုင်ငံသို့ ၁၀ ရက်ကြာ သွားရောက်၍ ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၉ ရက်အထိ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး **စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ❖**

## အသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများ ကျင်းပ

### ဗိုလ်လုပွဲယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဆီမီးဖိုင်နယ်ပွဲကို ယနေ့ နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက နေပြည်တော်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃နာရီတွင် မကွေးတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၂ ရက်တွင် ပြိုင်ပွဲများ နားမည်ဖြစ်ပြီး ဇန်နဝါရီ ၂၃ ရက် နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ တတိယလုပွဲအဖြစ် နေပြည်တော်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့သည် လည်းကောင်း၊ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဗိုလ်လုပွဲအဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီး အသင်းတို့သည် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အားကစားကို စိတ်ပါဝင်စားသော ပြည်သူများ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုနှင့် ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကျင်းပနေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



မကွေးတိုင်းဒေသကြီး အသင်းနှင့် မွန်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**အား/ကာ**

### ယနေ့ သတင်းအညွှန်း


တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုနိုင်ငံမှ ပြန်လည်ရောက်ရှိပြီး ထိုင်းဘုရင့်ရေတပ် စစ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၅

လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေး ကျင်းပ

စာမျက်နှာ » ၈



